မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅၃)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မိမိတို့အနေဖြင့်ရွေးကောက်ခံအစိုးရဖြစ်ပြီး ပြည်သူများမှရွေးချယ်ထားသည့်ပြည်သူ့အစိုးရဖြစ်ကာ ပြည်သူများ၏ကိုယ်စားနိုင်ငံ့အကျိုးကိုထမ်းဆောင်ကြရမည့်၊ ပြည်သူတို့၏အကျိုးကိုဖော်ဆောင်ကြရမည့်အစိုးရဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန်လို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့တက်ရောက်ကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ ★**

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော ဆန်၊ စားသုံးဆီအပါအဝင် ထောက်ပံ့ရေးနှင့်တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၉



တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ်ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ထိခိုက်ပျက်စီးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးစီမံဆောင်ရွက်သွားရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် **စာမျက်နှာ ၄ ကော်လံ ၁ ◆**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေး

စာ - ၁၂ သို့

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိမြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ်မူတည်၍ ရေယာဉ်များအန္တရာယ်ကင်းစွာခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် **စာမျက်နှာ ၁၄ ကော်လံ ၁ ▼**

ဝါသီးနှံပန်းတိုင်အထွက်ရရှိရေး ဘက်စုံနည်းပညာများလိုက်နာဆောင်ရွက်ပေး

ဆောင်းပါး စာ - ၁၃ သို့

ရုပ်ရှင်ပွဲတော်ရက်သတ္တပတ်မှသည် တူညီသော ချစ်ခြင်းတရားတို့၏ဆုံမှတ်ဆီသို့...

ဆောင်းပါး စာ - ၉ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၁၀ ရက်)

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး နှစ်ပေါင်းများစွာတည်တံ့ပါစေ

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား **"ဆွေမျိုးပေါက်ဖော်"** ချစ်ကြည်ရင်းနှီးမှုသည် ဖြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင်စိန်ရတုအခါသမယပြည့်မြောက်ခဲ့ပြီး ဆက်လက်ရှင်သန်တိုးတက်လျက်ရှိရာ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးသည် ၂၀၂၆ ခုနှစ် ဇွန်လ ၈ ရက်တွင် (၇၆) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သံတမန်ဆက်ဆံရေး (၇၆) နှစ်ကြာကာလအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့်အလွှာအသီးသီးတို့အကြား ဆက်ဆံရေးသည် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည်ကို နှစ်ထောင်းအားရဖွယ်တွေ့ရှိကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို တစ်စတစ်စပိုမိုတိုးတက်ခိုင်မာစေခဲ့သည်။ ထင်ရှားသည့် ခရီးစဉ်များကို ဖော်ပြရမည်ဆိုပါက ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် (၁၂) ကြိမ်သွားရောက်ခဲ့သည်။ အလားတူတရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းသည်လည်း မြန်မာနိုင်ငံကိုချစ်ကြည်ရေးခရီးစဉ် (၉) ကြိမ်လာရောက်ခဲ့သည်။ ဤသည်မှာ ထင်ရှားသောသမိုင်းမှတ်တိုင်များဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း နိုင်ငံတော်အဆင့် အပြန်အလှန်ခရီးစဉ်များ၊ တွေ့ဆုံဆွေးနွေးမှုများ ပိုမိုတိုးတက်များပြားလာသည်ကို ဝမ်းမြောက်စွာတွေ့ရှိရပြီး အဆိုပါခရီးစဉ်များမှတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကိုတွန်းအားပေးနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်းတွင် **"မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း"** ကိုအောင်မြင်စွာတည်ထောင်နိုင်ခဲ့သည်။ ထိုသို့ထူထောင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့်လည်း ယခင် ၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် နှစ် (၈၀) ပြည့်မဟာမျိုးချစ်စစ်အောင်ပွဲသို့ တက်ရောက်ခဲ့စဉ် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက် အထိ တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်းထိပ်သီးအစည်းအဝေးနှင့် စက်တင်ဘာလ ၃ ရက်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်ခဲ့စဉ်ကာလအတွင်းကလည်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဒုတိယသမ္မတ မစ္စတာဟန်ကျန့်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အဖြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

မြန်မာနှင့် တရုတ်နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်းထိစပ်နေရုံတင်မကဘဲ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုပိုင်းတွင်လည်း အလွန်နက်ရှိုင်းသည့်တူညီချက်များရှိကြသည်။ နှစ်နိုင်ငံသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုအခြေခံပြီး စိတ်ချင်းနီးစပ်ခဲ့ကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ပေကျင်းမြို့လင်ကွမ်းစီကျောင်းတိုက်က **"စွယ်တော်မြတ်"** ကို မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့သည်မှာ နှစ်နိုင်ငံပြည်သူများ၏သဒ္ဓါတရားနှင့်စိတ်ဝိညာဉ်ကိုတစ်သားတည်းဖြစ်စေခဲ့သည့် သမိုင်းဝင်သာဓကများဖြစ်သည်။ ထို့ပြင် ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍမှ ကြည့်မည်ဆိုပါကလည်း ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပုဂံရှိကမ္ဘာ့အမွေအနှစ် **"သမ္မညုဘုရားကြီး"** ကို တရုတ်နိုင်ငံ၏နည်းပညာ၊ ရန်ပုံငွေများဖြင့်ပူးပေါင်းပြုပြင်ထိန်းသိမ်းနေခြင်းသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားကြကြောင်း ညွှန်းပြနေခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၈ ရက်က ကျင်းပသည့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆) နှစ်မြောက် အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်"ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"ယနေ့ ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်တွင် ပြသသွားမည့် တရုတ်ရုပ်ရှင်ဇာတ်ကားကောင်းများသည် မြန်မာပြည်သူများကို တရုတ်နိုင်ငံ၏ခေတ်သစ်လူနေမှုဘဝ၊ တိုးတက်မှု၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအလှတရားများကို ပိုမိုနားလည်သဘောပေါက်စေမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏အိပ်မက်များ၊ ပျော်ရွှင်မှုများထဲတွင် တရုတ်ရုပ်သံဇာတ်လမ်းတွဲများသည် နှစ်ပေါင်းများစွာနေရာယူနိုင်ခဲ့ကြောင်း၊ ကြည့်ရှုကြသည့် နှစ်နိုင်ငံပြည်သူများခံစားချက်ချင်းတူညီမှုကနေတစ်ဆင့် စစ်မှန်သည့်သံယောဇဉ်၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ရုပ်ရှင်ပြပွဲအစီအစဉ်ကဲ့သို့ဆောင်ရွက်မှုများသည် မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူချင်းဆက်ဆံရေးကိုမြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍကပါဝင်လျက်ရှိသည်။ အနုပညာ၏အစွမ်းနှင့်နှစ်နိုင်ငံပြည်သူများ၏စိတ်နှလုံးချင်းပေါင်းစည်းပြီး သမိုင်းဝင်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မျိုးဆက်သစ်များအထိတိုင်အောင် အခွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံတို့သည် လွန်ခဲ့သည့် (၇၆) နှစ်တာကာလအတွင်း အေးအတူပူအမျှအခက်အခဲများကိုအတူကျော်ဖြတ်ကာ ပိုမိုခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုကိုတည်ဆောက်နိုင်ခဲ့ကြသည်။ (၇၆) နှစ်တိုင်တိုင် အပြန်အလှန်စောင့်ရှောက်ကူညီပြီး သုခ၊ ဒုက္ခအတူမျှဝေခဲ့ကြသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို နောင်နှစ်ပေါင်းများစွာကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မဓိကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပျဉ်းမနားမြို့နယ်၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းရာနှုန်းပြည့်ပြီးစီး

နေပြည်တော် ဇွန် ၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရာသီမရွေးဖူလုံစွာရရှိစေရေးအတွက် အောင်သိဒ္ဓိကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်နှင့် တာဝန်ရှိသူများသည် အောင်သိဒ္ဓိကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် အရှည် ပေ ၅၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီးတိုင်းဒေသကြီးဦးစီးဌာန ဦးစီးမှူးက ရေပေးဝေရေးစနစ်ရေရှည်တည်တံ့စေရန် ကျေးရွာရေကော်မတီနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စနစ်တကျပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကြောင့် အောင်သိဒ္ဓိကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

မြဝတီ ခုနှစ်၌ Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ရိပ်မြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ



လားရှိုး ဇွန် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးစုပေါင်းခန်းမ၌ တန်ဖိုးမြှင့်စားသောက်ကုန် Bakery & Snack ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံပေးအပ်ပြီး သင်တန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် ကုန်ချောပစ္စည်းများအား ကြည့်ရှုအားပေးသည်။

သင်တန်းတွင် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ၊ စားသောက်ကုန်တွင်သုံးစွဲသောဓာတုပစ္စည်းများ၊ ထုပ်ပိုးမှုများနှင့်ပေါင်မုန့်အမျိုးမျိုးပြုလုပ်နည်းများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းကို ဇွန်လ ၂ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းမှလုပ်ငန်းထူထောင်လုပ်ကိုင်လိုသည့် သင်တန်းသား၊ သင်တန်းသူငါးဦးအားရွေးချယ်ပြီး လုပ်ငန်းထူထောင်ရန်လိုအပ်သည့် လုပ်ငန်းသုံးစက်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ လူမော် (ပြန်/ဆက်)။(၄၀၄)

မုံရွာမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၁၁၀၀၀ ကျော်စိုက်ပျိုးမည်

မုံရွာ ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၁၁၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မုံရွာမြို့နယ်၌ မိုးနှမ်းဧက ၁၁၅၂၀ စိုက်ပျိုးရန် အတွက်လျာထားပြီး ယခုအချိန်တွင်မြေပဲသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မိုးနှမ်းဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားချက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမကပြည်ပဈေးကွက်များကိုပါတင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

တောင်ငူမြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

တောင်ငူ ဇွန် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့်အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ပြီး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာခေါင်းစဉ်ဖြင့် ကျောင်းသူ ၅၆ ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုခေါင်းစဉ်ဖြင့် ကျောင်းသူ ၄၂ ဦး စုစုပေါင်း ၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသူများအား တောင်ငူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၁၀)



မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

ကျောင်းတော်သာနှင့်မြတ်ပညာ

- သိစေတတ်စေ၊ ပညာမြေ၌ ရစေအနှံ၊ ပေးဝေဖြန့်လျက် သင်းပျံ့ကြိုင်စွာ၊ ကျောင်းတော်သာမှာ ပညာပြည့်ဝ၊ နှလုံးလှအောင် သင်ပြနေပြီ မြတ်ဂုဏ်ရည်။
- စာပေပွင့်သီး၊ ကျောင်းတော်ကြီးမှ ပွားစီးဖြာဝေ၊ ရှိကြပေဇာ၏ တို့တွေသင်ရ၊ များပြားလှလည်း ပေးငှသည်မှာ၊ ကျောင်းတော်သာတည့်။
- အေးစေမွေးစေ၊ ပန်းထွေထွေတို့ နွေးစေထွေးစေ၊ လန်းဖြာဝေဖို့ ပေးဝေအမွေ၊ ပညာတွေနှင့် အခြေပြုခိုင်၊ ရာသက်တိုင်တည့် မယိုင်လဲလျက်၊ သို့ချီတက်၍ ရှေ့ဆက်မြဲပါ၊ ကျောင်းတော်သာတည့်။
- ဩော်...

  ကြိုးစားပညာ၊ သင်ကြပါမှ ပညာတတ်များ၊ လွန်များပြားကာ ကြီးပွားတိုးတက်၊ ပြည့်ဂုဏ်တက်မည် လင်းလက်ကြယ်နှင့်၊ ပမာတင့်သို့ တွေးချင့်သေချာ၊ ရှုကြည့်ပါလျှင် ပညာသည်သာ အခရာ။
  ကျောင်းတော်သာမှာ မြတ်ဆရာ။
  မြန်မာသာယာ ဖွံ့ဖြိုးမှာ။ ။

ချမ်းမြဆောင်း(ကလော)

MWD Education, Knowledge & Sports Channel

စစ-မြေ-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။	၀၇:၀၀ မှ ၀၈:၃၇	Grade-5	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဂာ၊ လူမှုရေး၊ သိပ္ပံ
၂။	၁၅:၃၀ မှ ၁၆:၄၃	Grade-5	သချိုင်္ဂာ၊ လူမှုရေး၊ သိပ္ပံ
၃။	၁၆:၄၃ မှ ၁၈:၃၀	Grade-8	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဂာ(၁)၊ သချိုင်္ဂာ(၂)
၄။	၁၈:၃၀ မှ ၂၁:၁၀	Grade-8	ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

မဲခေါင်မြစ် ရေနက်စီးကြောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ မြန်မာ-လာအို ပူးတွဲနည်းပညာအဖွဲ့ဆွေးနွေး



တာချီလိတ် ဇွန် ၉

မြန်မာ-လာအို နှစ်နိုင်ငံအကြား မဲခေါင်မြစ်၏ ရေကြောင်းသွားလာရေး လုံခြုံချောမွေ့စေရေး၊ ရေစီးကြောင်းမှန်ကန်စွာစီးဆင်းနိုင်ရေးနှင့် နယ်စပ်ဒေသ ပူးပေါင်းဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရည်ရွယ်၍ မြန်မာ-လာအိုမဲခေါင်မြစ်ရှိပြန်လည်ထူထောင်ရေးရေနက်တူးမြောင်း နယ်နိမိတ်အမှတ်(၂)နှင့် (၇)အကြားအတွက် ပူးတွဲနည်းပညာဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဇန်းမွန်အာခါဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားနယ်နိမိတ်ကော်မတီရုံးဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Senglasy THESTHANY ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးနှင့် မြန်မာနိုင်ငံ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးခိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ကိုးဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက မဲခေါင်မြစ်အတွင်း နယ်နိမိတ်အမှတ် (၂) နှင့် (၇) အကြား မြန်မာဘက်ခြမ်း၌ ဆောင်ရွက်ခဲ့သည့် မူလရေနက်စီးကြောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း၏ ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုရလဒ်များနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်များက မူလရေနက်စီးကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးခဲ့ခြင်းနှင့် စပ်လျဉ်း၍ သဘောတူညီခြင်းအသိအမှတ်ပြုစာ(Certificate of Acknowledgement) အား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုသည် မြန်မာ-လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေသည့်အပြင် မဲခေါင်မြစ်၏ ရေကြောင်းသွားလာရေး လုံခြုံချောမွေ့ရေးနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်၊ (၄၁၁)

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၉

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

ဦးစွာ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဝမ်းမြောက်စရာအခြေအနေတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ (၁၇)ကြိမ်မြောက်တိုးတက်မှုအစီရင်ခံစာအပေါ် ပြီးခဲ့သည့်မေလအတွင်း၌ APJG က ပြန်လည်ပေးပို့ခဲ့သည့် Final Factual Check အရ မိမိတို့၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် Action Item 6.2၊ 7.2 နှင့် 8.1 တို့ကို Partly Addressed အဆင့်မှ Largely Addressed အဆင့်သို့ ကနဦးအနေဖြင့် တိုးမြှင့်သတ်မှတ်ပေးထားကြောင်းသိရှိရသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းခဲ့ကြသည့် တာဝန်ရှိသူ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံးကို ချီးကျူးဂုဏ်ယူပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေး (Mutual Evaluation–ME) နှင့်စပ်လျဉ်း၍ ပြင်ဆင်သင့်သည့်အချက်များအား ကြိုတင်ပြင်ဆင်ထားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့၏အတွင်းရေးမှူးဖြစ်သည့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ရဲမှူးချုပ်ဇော်လင်းထွန်းက မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် Action item နှစ်ခုနှင့် (Mutual Evaluation–ME) လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

◆ ရှေ့ဖုံးမှအဆက်

နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန်းဝိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများပါဝင်သည့် ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေဒေသများသို့အရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့သို့ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားနပ်ရိက္ခာအခက်အခဲမရှိစေရေးအတွက် ကနဦးစီစဉ်မှုအဖြစ် စားသုံးဆီ ၁၀ တန်နှင့် ဆန်တန်ချိန် ၅၀၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံတို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် သွပ် ၁၀ တန်၊ ဘိလပ်မြေ ၅ ဒသမ ၅ တန်၊ သွပ်ရိုက်သံ ၁၂ ပိသာ၊ ရော်ဘာဝါရာတစ်ဖာတို့ကို မန္တလေးမြို့မှ ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့နိုင်ရေး၊ ဒေသ၏လိုအပ်ချက်များအပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် မေလ ၂၄ ရက်မှ ဇွန်လ ၉ ရက်အထိ ပေးပို့ထောက်ပံ့ပြီးစီးမှုစုစုပေါင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သန်း ၃၀၀၊ စားသုံးဆီ ၁၀ တန်၊ ဆန်တန်ချိန် ၅၀၊ မိသားစုသုံးပစ္စည်းစုံနှင့် တစ်ကိုယ်ရေသုံးပစ္စည်းစုံ အိမ်ထောင်စု ၆၀၀ စာ၊ ဘိလပ်မြေတန် ၂၀၊ အမိုးသွပ်တန် ၂၀၊ သွပ်ရိုက်သံ ၂၄၆ ပိသာနှင့် ဆက်စပ်ပစ္စည်းများကို ပို့ဆောင်ပေးထားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


မြဝတီ

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီ ၂၂ မိနစ် ၄၅ စက္ကန့်အချိန်တွင် တမူးမြေလျင်စခန်းမှ အရှေ့မြောက် ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဟုမ္မလင်းမြို့၏အရှေ့မြောက်ဘက် ၁၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ၈၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။ **(မိုး/၈လ)**

၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၊ မြန်မာစံတော်ချိန်(၀၉)နာရီ၊ (၂၂)မိနစ်၊ (၄၅)စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သောမြေလျင်ဗဟိုချက်ပြမြေပုံ



(၉-၆-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၆ ~ ၃၆၆၉	၅၅၇.၉ – ၅၅၈.၇	၁၂၅.၅~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၂,၉၄၉,၀၄၇.၀၆	၂,၇၂၂,၄၂၉.၁၀	၂၂,၄၁၆,၇၀၁.၇၈	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကားအပိုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၆၁ သန်းအား ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

❖ မိမိတို့နိုင်ငံတွင်ရှိသည့် မြစ်ချောင်းများမှထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်ပမာဏသည် မဂ္ဂါဝပ်တစ်သိန်းကျော်ရှိသည်ဟုလေ့လာသိရှိရ၊ လက်ရှိထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်ပမာဏသည် ၃၅၀၀ မဂ္ဂါဝပ်ခန့်သာရှိသည့်အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးသည်ကိုလည်း တွေ့ရှိရ၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပြီး ထိထိရောက်ရောက်အကျိုးရှိနိုင်မည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ် . . .

❖ နွေရာသီတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများမှ ကျေးရွာများတွင် ရေရရှိရေး အတွက် နှစ်အလိုက်စီမံချက်ချဆောင်ရွက်ခြင်းများကို အရှိန်မြှင့်တင်သွားရန်လို . . .

❍ **ကျောဖုံးမှအဆက်**

ကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်များကို အကျိုးရှိစွာဖြင့် ထိရောက်စွာ အသုံးချနိုင်ရေး၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဘက်စုံစီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရေးနှင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန်၊ ရေနှင့်ဆက်နွယ်သည့်ဒေသတွင်းနှင့် နိုင်ငံတကာရေကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် **"အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ"** ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် မိမိအနေဖြင့် ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၁၂ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချရေး၊ နွေကာလ ရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့်မြစ်ရေနည်းပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေးအတွက် အစီအစဉ်များရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများလျော့နည်းစေရေး အစီအမံများ ဆောင်ရွက်ခြင်းနှင့် ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲရန် လိုအပ်သည့် ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်စုဆောင်းခြင်းများကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ကော်မတီ၏ လှုပ်ရှားမှုအဖြစ် နှစ်စဉ် မတ်လ ၂၂ ရက်တွင် ကျရောက်သည့် **"ကမ္ဘာ့ရေနေ့" အထိမ်းအမှတ်**အခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ရေသည် လူသားများ၏ အလိုအပ်ဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး လူမှုဘဝကဏ္ဍအားလုံးနှင့် တိုက်ရိုက်ဆက်နွယ်နေကြောင်း၊ ထို့ကြောင့်လည်း ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်များကြောင့် လျော့နည်းပျက်စီးလာသည့် ရေအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် စီးဆင်းနေသည့် အဓိကမြစ်ကြီး ၄ သွယ်အပါအဝင်မြစ်ချောင်းများ၊ သဘာဝရေကန်ကြီးများ၊ စိမ့်တောများမှ နှစ်စဉ်ရေချိုကေ ပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိနေကြောင်း၊ သို့သော်လည်း အဆိုပါစီးဆင်းနေသည့် ရေချိုပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ခန့်ကိုသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းသုံးနှင့်အိမ်သုံးရေစသည့်ကဏ္ဍများတွင် သုံးစွဲနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေအရင်းအမြစ်များကို ပိုမိုပြီး ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ရေဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အလားအလာကောင်းများရှိနေသည်ကို တွေ့ရမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေချိုအရင်းအမြစ်များ ထိန်းသိမ်းအသုံးချရန် အနိမ့်တမံများ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ပြနှင့်ကျေးလက်သောက်သုံးရေပေးဝေရေး၊ စိုက်ပျိုးရေးပေးဝေရေးနှင့်ရေဆိုင်ရာထုတ်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်ရေးအတွက် အလားအလာများရှာဖွေကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင်ရှိသည့် မြစ်ချောင်းများမှ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်ပမာဏသည် မဂ္ဂါဝပ်တစ်သိန်းကျော်ရှိသည်ဟုလေ့လာသိရှိရကြောင်း၊ လက်ရှိထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်ပမာဏသည် ၃၅၀၀ မဂ္ဂါဝပ်ခန့်သာရှိသည့်အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပြီး ထိထိရောက်ရောက် အကျိုးရှိနိုင်မည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင်ဆိုပါက တစ်နိုင်ငံလုံးစပါးစိုက်ဧက ၁၅ သန်းနီးပါးရှိရာတွင် မိုးရာသီ၌ ဧက ၁၅ သန်းခန့် စိုက်ပျိုးနိုင်သော်လည်း နွေရာသီတွင် စိုက်ဧရိယာ ဧက ၂ ဒသမ ၇၁ သန်းခန့်သာ စိုက်ပျိုးနိုင်ကြောင်းကိုတွေ့ရကြောင်း၊ စိုက်ဧက တိုးချဲ့ခြင်းသည် အဓိကမဟုတ်ဘဲ ရှိသည့် စိုက်ကေအတွင်း အောင်မြင်အောင် စိုက်ပျိုးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ တချို့ဒေသများ၌ တစ်နှစ်အတွင်း သီးထပ် ၃ ကြိမ်အထိ စိုက်ပျိုးနိုင်သည်ကို တွေ့ရပြီး တချို့ဒေသများတွင် သီးထပ် ၂ ကြိမ်အထိ စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရကြောင်း၊ အချို့ဒေသများ၌မူ သီးထပ်လုံးဝမစိုက်ပျိုးနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ နွေရာသီကာလတွင်စိုက်ပျိုးနိုင်ရန် လိုအပ်သည့် ရေအရင်းအမြစ်ကို ရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ သဲချောင်းများတွင် မြေအောက်တမံတွေတည်ဆောက်ခြင်း၊ ဆိုလာမြစ်ရေတင်လုပ်ငန်းတွေဆောင်ရွက်ခြင်း၊ စက်ရေတွင်းများတူးဖော်၍ ဆိုလာရေတင်စနစ်များ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားရေရိက္ခာဖူလုံစေနိုင်မည်ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးဖြစ်သည့် ဆည်တမံများ၏ ကြံခိုင်ရေး၊ သဲနုန်းပို့ချမှုအခြေအနေ၊ ရေဝင်ရောက်မည့်ရေဝေရေလဲဒေသအခြေအနေ၊ ရေပို့လွှဲများနှင့်ရေမြောင်းစနစ် စသည်တို့ကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည်များကို အစဉ်အမြဲ ပြုပြင်ထိန်းသိမ်းနေရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးနှင့် ရေအရင်းအမြစ်များထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောမီးရှို့ခြင်းများ၊ တောင်ယာမီးရှို့ခြင်းများသည်လည်း ရေဝေရေလဲဒေသများအပါအဝင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့်အတွက် အသိပညာပေးမှုနှင့် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နွေရာသီတွင်သောက်သုံးရေနှင့်စိုက်ပျိုးရေရှားပါးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများမှ ကျေးရွာများတွင် ရေရရှိရေးအတွက် နှစ်အလိုက်စီမံချက်ချဆောင်ရွက်ခြင်းများကို အရှိန်မြှင့်တင်သွားရန်လို ကြောင်း၊ အချို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အချို့နေရာများတွင်လည်း နွေရာသီမိုးမကျမီကာလ၌ သောက်သုံးရေပြတ်လပ်မှုများရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ မိုးများသည့်ဒေသများဖြစ်သည့် မြန်မာနိုင်ငံအောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင် မိုးရေကို စုဆောင်းသိုလှောင်ကြရန်နှင့် ရပ်ကွက်၊ ကျေးရွာအလိုက် တစ်နှစ်ပတ်လုံး ရေဖူလုံစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရေရရှိရေးဆိုင်ရာ အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအမံများကိုလည်း ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးသွားစေလိုကြောင်း။

ယခုအခါ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများကြောင့် အပူချိန်မြင့်မားလာခြင်း၊ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကလည်း ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ယခုနှစ်တွင် အယ်လ်နီညို ပေါ်ပေါက်ရန် ဖြစ်နိုင်ခြေ မြင့်မားနေသည့်အတွက် ၂၀၂၆ နှစ်လယ်ပိုင်းမှ ၂၀၂၇ နှစ်လယ်ပိုင်းအထိ အပူဒဏ်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သဖြင့် ယင်းကိုကာကွယ်နိုင်ရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

၁၉၅၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အားကောင်းသည့် အယ်လ်နီညိုဖြစ်ပေါ်ခဲ့သည့်နှစ်များနှင့် အင်အားပြင်းထန်သည့် အယ်လ်နီညိုဖြစ်ပေါ်ခဲ့သောနှစ်များရှိခဲ့ပြီး ပြည်တွင်းဒေသအများစုခဲ့ အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်ခြင်းများနှင့် မိုးခေါင်မှုနှင့် သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရကြောင်း။

၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အားအသင့်အတင့်ရှိသော အယ်လ်နီညို ဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ်၊ မေလအတွင်း မိုးလေဝသစခန်းပေါင်း (၂၀) သည်အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခဲ့ကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၌ အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်ဖြင့် စံချိန်သစ်တင်ခဲ့ပြီး ၎င်းစံချိန်သစ်သည် ယင်းအချိန်က မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်လည်းဖြစ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာတစ်ဝန်းတွင် အပူဆုံးနှစ်ဖြစ်ခဲ့သည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ဇူလိုင်အတွင်း ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသတို့၌ အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယက်မှ ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်အထိ စံချိန်သစ်တင် မြင့်တက်ခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် တိုင်ဖွန်းမုန်တိုင်း "ရာဂိ" ၏ အကြွင်းအကျန်တိမ်များသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို လေပွေလှိုင်းအဖြစ် ဖြတ်ကျော်ခဲ့ခြင်းကြောင့် စက်တင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းနှင့်အတူ ဒေသအလိုက် နေရာကွက်ပြီး မိုးကြီးကာ စံချိန်သစ်တင် ရွာသွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်များတွင် အခြားနိုင်ငံများထက် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သောကြောင့် လိုက်လျောညီထွေနေနိုင်ရေး ကြိုတင်သုံးသပ် စီမံထားရန်လိုကြောင်း။

ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အဖွဲ့အစည်းများအနေဖြင့် လမ်း၊ တံတား စသည့် အခြေခံအဆောက်အဦများ၊ လူနေအဆောက်အအုံများ တည်ဆောက်သည့်အခါတွင် သဘာဝဘေးအန္တရာယ်သက်ရောက်နိုင်မှုတို့ကို ကြိုတင်တွေးဆထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေး၊ စီမံခန့်ခွဲရာတွင် အထောက်အကူပြုနိုင်ရေး သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

ရေချိုအရင်းအမြစ်များကို စိုက်ပျိုးရေ၊ သောက်သုံးရေ၊ စက်မှုသုံးရေများအပါအဝင် ကဏ္ဍစုံ၌အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ချနိုင်ရေးဆောင်ရွက်နေမှုများ၊ ရေဆိုင်ရာအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် **စာမျက်နှာ ၆ သို့** ❍

❍ စာမျက်နှာ ၅ မှအဆက်

ရေဆိုင်ရာသဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းနိုင်ရေး ပြင်ဆင်ထားရန်ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီဝင်များက ဆွေးနွေးပေးကြစေလိုကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ရေကဏ္ဍဖွံ့ဖြိုးစေရေး၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်စေရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌက အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ရေဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု၊ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များက ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရေအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိမှု အခြေအနေများနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

❖ ကျောင်းနေအရွယ်မှစ၍ ရေ၏တန်ဖိုးကိုသိရှိနေရန်လို၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် ရေများညစ်ညမ်းမှုဖြစ်သည်ကို သိရှိရန်လို၊စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျစွန့်ပစ်စေရေး ဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုများဖြင့် ပညာပေးသင်ကြားဆောင်ရွက်သွားကြရန်လို၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကျောင်းသား၊ကျောင်းသူလူငယ်များအနေဖြင့် အမှိုက်ကိုစနစ်တကျစွန့်ပစ်သည့် Mind Set ကိုရရှိသည်အထိ ဆောင်ရွက်ပေးသွားကြရန်လို . . .

❖ သမဝါယမလုပ်ငန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာများအားလုံး သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားရန်လို၊ သဘာဝကပေးထားသည့် ကမ္ဘာ့အမွေအနှစ်၊ မြန်မာ့အမွေအနှစ်ဖြစ်သည့် အင်းတော်ကြီးကန်နှင့် အင်းလေးကန်ထိန်းသိမ်းရေးအတွက်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းဆောင်ရွက် . . .

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ကျောင်းနေအရွယ်မှစ၍ ရေ၏တန်ဖိုးကိုသိရှိနေရန်လိုကြောင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် ရေများညစ်ညမ်းမှုဖြစ်သည်ကို သိရှိရန်လိုကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျစွန့်ပစ်စေရေး ဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုများဖြင့် ပညာပေးသင်ကြားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် အမှိုက်ကိုစနစ်တကျစွန့်ပစ်သည့် Mind Set ကိုရရှိသည်အထိ ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေများလုံလောက်စွာရရှိရန်လိုကြောင်း၊ ထို့ကြောင့် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်းစသည့်မြစ်ကြီးများမှ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မြစ်ရေ၊ ချောင်းရေ၊ ဆည်မြောင်းရေ၊ မိုးရေများမှ ရေများထိန်းသိမ်း၍ အကျိုးရှိစွာပြန်လည်အသုံးချနိုင်ရန်လိုကြောင်း၊ ရေကိုစနစ်တကျအကျိုးရှိစွာအသုံးချသည့် အကျင့်များကို မွေးမြူနိုင်ရန်လိုကြောင်း၊ သန့်ရှင်းသည့် ရေများရရှိစေရေးနှင့် ထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း။

သမဝါယမလုပ်ငန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာများအားလုံး သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် ရေများကိုလည်း အကျိုးရှိရှိစနစ်တကျအသုံးချနိုင်ရန်လိုကြောင်း၊ သဘာဝကပေးထားသည့် ကမ္ဘာ့အမွေအနှစ်၊ မြန်မာ့အမွေအနှစ်ဖြစ်သည့် အင်းတော်ကြီးကန်နှင့် အင်းလေးကန်ထိန်းသိမ်းရေးအတွက်လည်း အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေဝေရေလဲသစ်တောများထိန်းသိမ်းရေးနှင့် ဆည်တာတမံများထိန်းသိမ်းရေးကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှားပါးသည့် ဒေသများတွင် မိုးရေကို သိုလှောင်ပြီး သုံးစွဲသွားကြရန်နှင့် မြေအောက်ရေရယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်နှင့်ငွေကြေး ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်သည့် သစ်ပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးမှုအဖြစ် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌက ရေအရင်းအမြစ်များကို စနစ်တကျသုံးစွဲရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးကိစ္စရပ်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက်အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ရေအရင်းအမြစ်နှင့်သဘာဝဘေးအန္တရာယ်ကို ခွဲခြားရန်လိုကြောင်း၊ ရေအရင်းအမြစ်ဆိုသည်မှာ ရေရရှိရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြည်နယ်နှင့်တိုင်းအလိုက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ခွဲခြားဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရဲရဲတင်းတင်းဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ဥပဒေအား မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့်အခြေအနေအတိုင်း ပြန်လည်ပြင်ဆင်ရေးဆွဲသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးမှုတွင် အချက်အလက်များကို ပြည့်ပြည့်စုံစုံဖြင့်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုအထဲမှ အဓိကကျသည့် အချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရာသီဥတုကြောင့် ဖြစ်ပေါ်တတ်သည့် ပြဿနာများလည်းရှိသဖြင့်အချိန်ကာလအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူဝါဒများချမှတ်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဦးစီးကော်မတီများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုအလိုက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်အလိုက်၊ တိုင်းဒေသကြီးအဆင့်အလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကယားပြည်နယ်ဝန်ကြီးချုပ်တွေ့ဆုံ

လွိုင်ကော် ၌နှစ် ၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်) သင်တန်းကျောင်းခန်းမဆောင်၌ လွိုင်ကော်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

ဦးစွာသင်တန်းကျောင်းကျောင်းအုပ်ကြီးက ကျောင်းဖွင့်လှစ်နိုင်ရန်အတွက် ဝန်ထမ်းများစုဖွဲ့ထားမှု၊ ကျောင်းဆောင်များပြင်ဆင်ထားမှု၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကိုပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာများပြင်ဆင်ထားရှိမှု၊ ပစ္စည်းစတိုနှင့် ရိက္ခာဂိုဒေါင်များတွင် ဆန်၊ ဆီ၊ ပဲ၊ ဆားများ သိုလှောင်ထားရှိမှုနှင့် စာကြည့်တိုက်၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ကျောက်တံခါး ၌နှစ် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် အနောက်ရပ် အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က ကျင်းပကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာအမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာခေါင်းစဉ်ဖြင့် Grade-8 နှင့် Grade-9 မှ ကျောင်းသား၊ ကျောင်းသူ ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကျောက်တံခါးမြို့နယ်ပညာရေးမှူး ဒေါ်ခင်သန္တာကျော်၊ ဆရာ၊ ဆရာမများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၈ ဦး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၌ကွင်း၌ မစ္စတာ ဖူမီအိုအူဆုအိနှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအို ဟိကို တာကခု၊ ဂျပန်-မြန်မာပါလီမန် ချစ်ကြည်ရေးအသင်း၌ကွင်း၌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိမိချိဝါတာနာဘေး၊ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း၌ကွင်း၌ မစ္စတာ ကြူကုန်းဖုန်၊ ရုရှား-အာဆီယံစီးပွားရေးကောင်စီ၌ကွင်း၌ မစ္စတာ အီဗန် ပိုလီယာကော့ဗ်၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာ မာနီ ပန်ဒေး၊ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်၊ ဂျပန်နိုင်ငံနာဂိုယာမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ တိုရှိအို နီရှိမူရ၊ ဂျပန်နိုင်ငံ ကိုဘေးမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ နိုရီအဆု အိုတိုမိုရ်၊ ဘရာဇီးနိုင်ငံ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာရီကာဒို စီကာရီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်မစ္စတာ အိတ်ဟ် အမ် ဟာကန်အလီ၊ ကနေဒါနိုင်ငံ မြန်မာလူငယ်များအသင်းတို့က နိုင်ငံတော်သမ္မတထံသို့ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် မြို့တော်ဝန်များ ခန့်အပ်တာဝန် ပေးအပ်ခြင်းတို့ကို



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့်အမိန့်အမှတ် (၂/၂၀၂၆) စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်ကယခုထုတ်ပြန်ထားသည့် မြို့နယ်(၆၀)တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိမှသာ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာနိုင်မည်ဖြစ်ပါကြောင်း၊ လူထုအကြား ကြောက်ရွံ့မှုနှင့် မငြိမ်မသက်ဖြစ်မှုများကို လျော့နည်းစေပြီး နေ့စဉ်ဘဝ ပုံမှန်ပြန်ဖြစ်လာစေမည်ဖြစ်ပါကြောင်း၊ အစိုးရဌာနများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများလည်း ပြန်လည်လည်ပတ်လာစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ် (၂/၂၀၂၆)စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်းက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆)အရ ငါန်းဇွန်မြို့နယ်ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူး၊ မိုးကုတ်မြို့နယ်များနှင့်အတူ အရေးပေါ်အခြေအနေ ကြေညာကာ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခဲ့ရာ သက်တမ်းလေးကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ငါန်းဇွန်မြို့နယ် လုံခြုံရေးကို ထိရောက်စွာဆောင်ရွက်နိုင်လျှင် မြစ်မြောက်ဘက်နှင့် အနောက်ဘက်ရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်း၊ မြင်းခြံ၊ နွားထိုးကြီး၊ တံတားဦးနှင့် လေယာဉ်ကွင်း လုံခြုံရေးတို့အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးနှင့်နီးကပ်ပြီး အတွင်းပိုင်းကျသော ငါန်းဇွန်မြို့နယ်ကို စစ်အုပ်ချုပ်ရေး သက်တမ်းမကုန်ခင်အတွင်း အပြီးသတ် စိုးမိုးလုံခြုံမှုရရှိစေရန် တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ငါန်းဇွန်မြို့နယ်အတွင်းရှိ ပြည်သူများ မူလအခြေအနေအတိုင်း ပြန်လည်နေထိုင်နိုင်ရန် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားသည့်အတိုင်း ဖိဖိစီးစီး လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးပါရန် ဆွေးနွေးသည်။

ယင်းနောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှဒေါက်တာကျော်ဆွေက ဒေသခံပြည်သူများအတွက် အစားအသောက်နှင့် အခြေခံလိုအပ်ချက်များ လုံလောက်စေရေး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပုံမှန်ပြန်လည်ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအားနှင့် ဆက်သွယ်ရေးကဲ့သို့ အခြေခံအဆောက်အအုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပုံမှန်အုပ်ချုပ်ရေးစနစ်၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ နေ့စဉ်ဘဝ ပုံမှန်ပြန်လည်တည်ငြိမ်ရေးကို အဓိကဦးတည်ချက်အဖြစ်သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူများ၏ ဘဝလုံခြုံရေးကို ရှေးရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်အမှတ်(၁/၂၀၂၆)နှင့် အမိန့်အမှတ်(၂/၂၀၂၆)တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးထိန်လင်းက ယခုကဲ့သို့ လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းသည် ဒီမိုကရေစီစနစ်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြား အပြန်အလှန်ထိန်းကျောင်းမှုကို ဖော်ဆောင်ခြင်းဖြစ်ပါကြောင်း။

အဆိုတွင်ပါဝင်သည့် ဒေသများတွင် တရားဥပဒေစိုးမိုးရေး ယိုယွင်းပျက်ပြားစေရန်နှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်မလည်ပတ်နိုင်စေရန် နှောင့်ယှက်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သာမန်အုပ်ချုပ်ရေးနည်းလမ်းများဖြင့် ထိန်းကျောင်းရန်ခက်ခဲသောကြောင့်ယခုကဲ့သို့အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းဖြင့်သာ ထိရောက်မြန်ဆန်သော လုံခြုံရေးတို့ပြန်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပြီး အခြေအနေများကို မူလအတိုင်း ပြန်လည်တည်ငြိမ်လာအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုပြီး နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့်အမိန့်အမှတ်(၂/၂၀၂၆) စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းတို့ကို လွှတ်တော်က အတည်ပြုပေးရန်ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ် (၂/၂၀၂၆) စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဒီဇယ်ဆီ စက်သုံးဆီ တင်သွင်းရောင်းချခြင်းသည် နိုင်ငံတော်အတွက် အခွန်အကောက်ရရှိမှုအပိုင်းတွင် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပိုင်းတွင် များစွာထိခိုက်နိုင်ပါကြောင်း၊ အခွန်ငွေများ လျော့နည်းသွားလျှင် အစိုးရ၏ အသုံးစရိတ်များကို ဖြည့်ဆည်းရန် ခက်ခဲနိုင်ပြီး ဘဏ္ဍာရေးလိုငွေပြမှု (Fiscal Deficit) ကို ပိုမိုမြင့်တက်လာစေနိုင်ပါကြောင်း၊ အခွန်သက်သာခွင့်ပေးတိုင်း ပြည်သူများအကျိုးအပြည့်အဝရမည်ဟု မဆိုနိုင်သည်ကိုလည်း သတိချပ်စေချင်လိုကြောင်း၊ ဒီဇယ်စျေးများမတက်အောင် အစိုးရ၏ စီမံမှုများသည် ပြည်သူများထံ၊ စားသုံးသူများထံ အမှန်တကယ် ရောက်ရှိခံစားခွင့်ရမရ စောင့်ကြည့်သုံးသပ်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခွန်ငွေဆုံးရှုံးမှုနှင့်ပြည်သူများရရှိမည့် အကျိုးကျေးဇူးတို့အကြား မျှတသောရလဒ်ဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဒီဇယ်ဆီ စက်သုံးဆီ အခွန်ကင်းလွတ်ခွင့်ကိစ္စသည် တစ်လချင်းအလိုက် ခွင့်ပြုချက်တောင်းခံမှုမျိုးဖြစ်သည့်အတွက် လက်ရှိအခြေအနေမျိုးတွင် အခွန်ကင်းလွတ်ခွင့်များ တောင်းခံမှုကို ပြည်သူလူထုအကျိုးဖြစ်ထွန်းမှုအတွက် အထောက်အကူဖြစ်၊ မဖြစ် စောင့်ကြည့်သုံးသပ်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ဒီဇယ်ဆီအပေါ် အခွန်ယာယီ သက်သာခွင့်ပြုခြင်းသည် အခွန်လျှော့ပေးခြင်းသာမက စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ကျစရိတ်ကို လျှော့ချပေးခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် HSD (500ppm) ဒီဇယ်ဆီအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရေးအဆိုကို အပြည့်အဝထောက်ခံပါကြောင်းနှင့် Fuel Neutral Policy ကို ထိန်းသိမ်းနိုင်ရန် Premium Diesel (50ppm) ကိုလည်း Diesel Fuel Category အတွင်း ထည့်သွင်း၍ အလားတူယာယီအခွန်ကင်းလွတ်ခွင့်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) စျေးနှုန်းတည်ငြိမ်စေရန်၊ ကုန်ကျစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm)ကို ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီစျေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီစျေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်စျေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို လစဉ် စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ထပ်မံကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့ ➤

➤ **စာမျက်နှာ ၇ မှအဆက်**

သို့ဖြစ်၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) အပေါ်ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်ဆန္ဒမဲ ၁၀ မဲ၊ ကြားနေဆန္ဒမဲ ၇ မဲ၊ ထောက်ခံဆန္ဒမဲ ၄၉၇ မဲ ဖြစ်သဖြင့် ထောက်ခံမဲများသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရုပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန်လ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

မြို့	အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c / ၃၂˚c
ရန်ကုန်	၂၃˚c / ၃၀˚c
မန္တလေး	၂၆˚c / ၃၄˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးနဲမြို့နယ်ရှိ ကျေးရွာများအတွက် မိုးသီးနှံနေကြာနှင့်ပဲပုပ်မျိုးစေ့များပေးအပ်



မိုးနဲ ဇွန် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ဝမ်ဟောကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် မိုးသီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့များပေးအပ်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့က အဆိုပါကျေးရွာအုပ်စုရှိ နမ့်ဟူးပစ် အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့များပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ပြောကြားကာ ဒုတိယဦးစီးမှူး ဒေါ်ယဉ်မင်းထွေးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဝမ်ဟောကျေးရွာအုပ်စုရှိ ပန်လေ့ကျေးရွာ၊ ခိုတိုင်းကျေးရွာ၊ ဝမ်ဟောကျေးရွာရှိ တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နေကြာနှင့်ပဲပုပ်မျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။ **မျိုးညွှန့်ရွှေ(မိုးနဲ)**

မိုးတွင်းကာလ ဗျာနာခြင်းကင်းဝေးစေရေး

မိုးတွင်းကာလ မိုးမိတဲ့အခါ အများစုကချမ်းသလို၊ နှာမွန်သလို၊ ကိုယ်လက်ကိုက်ခဲသလိုမျိုးခံစားရတတ်ပါတယ်။ အဲဒီလိုမျိုးမခံစားရအောင် နွေးနွေးထွေးထွေးနဲ့ လုံလုံခြုံခြုံနေထိုင်ဖို့လိုအပ်ပါတယ်။

မိုးသဲသဲမဲမဲရွာချိန်တွင် မိုးခိုခြင်း

လမ်းသွားရင်းမမျှော်လင့်ဘဲ မိုးသဲသဲမဲမဲရွာလာရင် အနီးအနားရှိ မိုးလုံတဲ့နေရာတစ်ခုမှာ ခဏမိုးခိုသင့်ပါတယ်။ မိုးကာအင်္ကျီ၊ ထီးစတာတွေပါရင်တောင် မိုးသဲသဲမဲမဲရွာချိန်မျိုးမှာ အပြင်ထွက်ဖို့မလုံခြုံပါဘူး။ မိုးစဲသွားမှ လိုရာခရီးကိုသွားသင့်ပါတယ်။

သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို ဂရုစိုက်ခြင်း

ကလေးငယ်တွေက မိုးရေထဲမှာ ကစားရတာကို နှစ်သက်တတ်ကြပါတယ်။ ကျောင်းပြန်လာချိန်မှာ မိုးရေချိုးတာ၊ မိုးရေထဲဆော့ကစားတာက ရောဂါပိုးမွှားဝင်ရောက်လွယ်ပြီး ဗျာနာတာကိုဖြစ်စေပါတယ်။ အသက်ကြီးသူတွေအနေနဲ့ မိုးရေထဲလမ်းလျှောက်တာ၊ မိုးရွာပြီး ရေတင်ကျန်နေတဲ့လမ်းပေါ် လမ်းလျှောက်တာတွေက မတော်တဆချော်လဲတာမျိုးဖြစ်နိုင်လို့ သတိထားသင့်ပါတယ်။

ထီး မိုးကာအင်္ကျီများဆောင်ထားခြင်း

မိုးရွာတဲ့အခါ အဆင်သင့်အသုံးပြုနိုင်ဖို့ ထီး၊ မိုးကာအင်္ကျီ တစ်မျိုးမျိုးကို ဆောင်ထားတာက မိုးမိတာကြောင့် အအေးမိဗျာနာတာမဖြစ်အောင် အကောင်းဆုံးကာကွယ်ပေးနိုင်ပါတယ်။ မိုးမိပြီး အပြင်ကပြန်လာတဲ့အခါ ရေချိုးဖို့မမေ့သင့်ပါဘူး။ မိုးမိတဲ့အခါ ခန္ဓာကိုယ်အပူချိန်အပြောင်းအလဲဖြစ်ပေါ်ပါတယ်။ ခန္ဓာကိုယ်အပူချိန်ပြောင်းလဲမှုက ရောဂါပိုးမွှားတွေဝင်ရောက်လွယ်စေပါတယ်။ ရေချိုးလိုက်ပြီး ခန္ဓာကိုယ်ကိုခြောက်သွေ့သွားအောင် တဘက်နဲ့သုတ်ပေးတာက မိုးစက်လေအေးတွေကြောင့် အေးသွားတဲ့ခန္ဓာကိုယ်အပူချိန်ကိုပုံမှန်ထိန်းပေးပါတယ်။

အိမ်တွင်းအိမ်ပြင်သန့်ရှင်းစွာထားခြင်း

မိုးရာသီမှာ ခြင်တွေပေါက်ပွားရှင်သန်မှုများပြီး ခြင်ကတစ်ဆင့်ကူးစက်တဲ့ရောဂါတွေကို ခံစားရတတ်ပါတယ်။ အိမ်တွင်းအိမ်ပြင်ကို သန့်ရှင်းအောင်ထားပြီး ခြင်တွေမခိုအောင်းနိုင်အောင် ပြုလုပ်ထားသင့်ပါတယ်။ နေ့ဘက်အိပ်တဲ့အခါ ခြင်ထောင်ထောင်အိပ်တာ၊ ဆေးစိမ်ခြင်ထောင်အသုံးပြုတာ၊ ခြင်ပြေးစေတဲ့ Cream လိမ်းတာ၊ ခြင်ပြေးကပ်ခွာကပ်တာတွေပြုလုပ်သင့်ပါတယ်။ မီးဖိုချောင်မှာ အင်းဆက်ပိုးမွှားတွေမခိုအောင်းနိုင်အောင် ပရုတ်၊ လေးညှင်း စတာတွေဆောင်ထားသင့်ပါတယ်။

ခြေထောက်ကို ခြောက်အောင်ထားခြင်း

မိုးမိခဲ့ရင် အိမ်ပြန်ရောက်တာနဲ့ခြေထောက်ကို သန့်စင်အောင် ဆေးကြောပြီး ရေခြောက်အောင်သုတ်သင့်ပါတယ်။ ခြေထောက်မှာ ရေစိုနေတာက မှိုပိုးတွေကူးစက်ဝင်ရောက်လွယ်ပြီး ခြေထောက်တွေပျက်စီးစေပါတယ်။ ခြေသည်းပုံမှန်ညှပ်သင့်ပါတယ်။ မိုးရာသီမှာစီးတဲ့ ရှူးဖိနပ်၊ ခြေအိတ်စတာတွေကို သန့်ရှင်းအောင်နဲ့ ခြောက်သွေ့အောင်ထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ ခြေသည်းပျက်ဆီးမှုကို ကာကွယ်နိုင်မှာပါ။

လက်ကိုသန့်ရှင်းစွာထားခြင်း

ဆေးပညာသုတေသီတွေလေ့လာမှုအရ လက်သန့်ရှင်းမှုမရှိတာက ရောဂါပိုးမွှားတွေကူးစက်ပြီး ဗျာနာမှုဖြစ်နိုင်ခြေများတယ်လို့သိရပါတယ်။ မိုးရာသီမှာ အအေးမိဗျာနာစေတဲ့ ဗိုင်းရပ်စ်တွေ လက်မှာ အလွယ်တကူကပ်ငြိနေပြီး လက်ကတစ်ဆင့် အသက်ရှူလမ်းကြောင်းထဲ အလွယ်တကူဝင်ရောက်ကာ ဗျာနာတာကိုဖြစ်စေပါတယ်။ လက်ကို သန့်ရှင်းစွာထားတာနဲ့ မကြာခဏလက်ဆေးတာတွေက မိုးရာသီမှာ တုပ်ကွေးရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကနေကြိုတင်ကာကွယ်နိုင်ပါတယ်။

မျက်နှာကိုမကြာခဏ လက်ဖြင့်ပွတ်သပ်မှုကို ရှောင်ကြဉ်ခြင်း

လက်မှာကပ်ငြိနေတဲ့ ဗိုင်းရပ်စ်တွေက မျက်နှာ၊ နှာခေါင်းတို့ကို လက်နဲ့ပွတ်သပ်မိရင်းက အသက်ရှူလမ်းကြောင်းထဲကိုဝင်ရောက်ပြီး ရောဂါဖြစ်စေပါတယ်။ ဗိုင်းရပ်စ်တွေ ခန္ဓာကိုယ်ထဲ အဓိကဝင်ရောက်တဲ့လမ်းကြောင်းက အသက်ရှူလမ်းကြောင်းဖြစ်တာကြောင့် မိုးရာသီမှာ လက်မဆေးဘဲ လက်နဲ့မျက်နှာကို မကြာခဏပွတ်သပ်တာ၊ ကိုင်တွယ်တာတွေကို ရှောင်ကြဉ်သင့်ပါတယ်။

အင်တီအောက်စီးဒင့်များစားခြင်း

သစ်သီးနဲ့ဟင်းသီးဟင်းရွက်တွေစားတာက ခန္ဓာကိုယ်အတွက် အင်တီအောက်စီးဒင့်တွေရရှိပြီး ကျန်းမာစေပါတယ်။ အင်တီအောက်စီးဒင့်တွေက ခန္ဓာကိုယ်တွင်းဆဲလ်တွေကို ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေရဲ့ဖျက်ဆီးမှုကနေကာကွယ်ပေးပါတယ်။ လိမ္မော်သီး၊ ငရုတ်သီးစိမ်း၊ ပန်းဂေါ်ဖီစိမ်း၊ ကီဝီသီး၊ စတော်ဘယ်ရီသီး၊ အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်စတဲ့အရောင်မျိုးစုံလင်အောင် စားပေးသင့်ပါတယ်။

ချည်ထည်အဝတ်အစားများကို ဝတ်ဆင်ခြင်း

မိုးရာသီမှာ ဂျင်းသားလိုထူတဲ့အဝတ်အစားတွေက မိုးစိုပြီးရင် ခြောက်သွေ့ဖို့မလွယ်ကူတာကြောင့် ချည်ထည်ပွပွချောင်ချောင်ကိုသာ ဝတ်ဆင်သင့်တယ်။ မိုးစိုသွားခဲ့ရင် အဝတ်အစားကို လဲလှယ်ဝတ်ဆင်သင့်ပါတယ်။ မိုးစိုနေတဲ့အဝတ်အစားက ပိုးမွှားတွေကူးစက်ဖို့ ပိုမိုလွယ်ကူတာကြောင့်ဖြစ်ပါတယ်။

အိပ်ရေးဝဝအိပ်စက်ခြင်း

အိပ်ရေးမဝရင် ခန္ဓာကိုယ်ခုခံအားစနစ်ကျဆင်းပြီး ရောဂါခုခံကာကွယ်နိုင်မှုကို အားနည်းစေပါတယ်။ အရွယ်ရောက်ပြီး လူငယ်တွေအနေနဲ့ တစ်နေ့ကို အိပ်ချိန် ၇ နာရီကနေ ၉ နာရီရှိသင့်ပါတယ်။ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေဖို့ လေ့ကျင့်ခန်းလုပ်တာ၊ ကော်ဖီသောက်တာ၊ အရက်သောက်တာတွေ ရှောင်ကြဉ်သင့်ပါတယ်။ အခန်းအပူချိန်ကိုသင့်တင့်မျှတအောင်စီမံသင့်ပါတယ်။ အိပ်ချိန်မှာ အလင်းရောင်မရှိအောင် မီးတွေကိုသေချာပိတ်သင့်ပါတယ်။ အိပ်စက်မှုကိုနှောင့်ယှက်နိုင်တဲ့အသံမကြားရအောင် ပြုလုပ်ထားသင့်ပါတယ်။ မအိပ်ခင်ရေကြက်သီးနွေးနွေးဖြင့်ရေချိုးတာ၊ နွားနို့ပူပူသောက်တာတွေက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေဖို့ကူညီပေးပါတယ်။

“အိပ်ရေးမဝရင် ခန္ဓာကိုယ်ခုခံအားစနစ်ကျဆင်းပြီး ရောဂါခုခံကာကွယ်နိုင်မှုကို အားနည်းစေပါတယ်။ အရွယ်ရောက်ပြီး လူငယ်တွေအနေနဲ့ တစ်နေ့ကို အိပ်ချိန် ၇ နာရီကနေ ၉ နာရီရှိသင့်ပါတယ်။ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေဖို့ လေ့ကျင့်ခန်းလုပ်တာ၊ ကော်ဖီသောက်တာ၊ အရက်သောက်တာတွေ ရှောင်ကြဉ်သင့်ပါတယ်။ အခန်းအပူချိန်ကိုသင့်တင့်မျှတအောင်စီမံသင့်ပါတယ်။ အိပ်ချိန်မှာ အလင်းရောင်မရှိအောင် မီးတွေကိုသေချာပိတ်သင့်ပါတယ်။ အိပ်စက်မှုကိုနှောင့်ယှက်နိုင်တဲ့အသံမကြားရအောင် ပြုလုပ်ထားသင့်ပါတယ်။ မအိပ်ခင်ရေကြက်သီးနွေးနွေးဖြင့်ရေချိုးတာ၊ နွားနို့ပူပူသောက်တာတွေက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေဖို့ကူညီပေးပါတယ်။ . . .”

ဖြည့်စွက်စာမှီဝဲခြင်း

အများစုကဖြည့်စွက်စာတွေမှီဝဲကြပါတယ်။ တချို့ဖြည့်စွက်စာတွေက ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်ကိုမြှင့်တင်ပေးနိုင်တဲ့အာနိသင်ရှိတယ်။ သဘာဝကရရှိနိုင်တာတွေကလူတွေရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းမှုနဲ့ပိုမိုသင့်တော်ပါတယ်။ ကြက်သွန်ဖြူ၊ ဂျင်ဆင်း၊ ဒိန်ချဉ်ကရရှိနိုင်တဲ့ အကျိုးပြုဗက်တီးရီးယားတွေက ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်ကိုမြှင့်တင်ပေးပါတယ်။ တခြားဆေးဝါးတွေသုံးစွဲနေရတယ်ဆိုရင် ဖြည့်စွက်စာကို ဆရာဝန်နဲ့ပြသပြီးမှ သောက်သုံးသင့်ပါတယ်။

နှာခေါင်းစည်းတပ်ဆင်ခြင်း

အဲကွန်းဖွင့်ထားတဲ့ အလုံပိတ်ကား၊ အခန်း၊ ခန်းမတွေထဲမှာ တစ်ယောက်ယောက်က တုပ်ကွေးဖြစ်နေပြီဆိုရင် နှာချေ၊ ချောင်းဆိုးလိုက်တာနဲ့ တစ်ခန်းလုံး၊ တစ်ကားလုံးကို ဗိုင်းရပ်စ်ဖြန့်ပြီးသားဖြစ်သွားပါတယ်။ ဒါကြောင့် နှာခေါင်းစည်းတပ်ဆင်ထားသင့်ပါတယ်။

တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်း

တုပ်ကွေးဖြစ်နိုင်လွယ်တဲ့ကျောင်းသားအုပ်စု၊ သက်ကြီးရွယ်အိုအုပ်စုတွေကို နှစ်စဉ်တုပ်ကွေးကာကွယ်ဆေးတစ်ကြိမ်စီထိုးနှံပေးရင် တုပ်ကွေးအန္တရာယ်ကနေကာကွယ်နိုင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသင့်ပါတယ်။ ရောဂါမပြင်းထန်အောင်၊ ဆေးရုံတက်ကုသဖို့မလိုအောင်ကာကွယ်နိုင်ပါတယ်။ ဗျာနာနေရင် ကျောင်း၊ လူစုလူဝေးများတဲ့နေရာတွေမသွားသင့်ပါဘူး။ အိမ်မှာပဲ နွေးနွေးထွေးထွေး အနားယူသင့်ကြောင်း ကျန်းမာရေးသုတရရှိစေရန် ရေးသားတင်ပြလိုက်ရပါတယ်။

ဒေါက်တာလွင်သန့်

ရုပ်ရှင်ပွဲတော်ရက်သတ္တပတ်မှသည် တူညီသောချစ်ခြင်းတရားတို့၏ဆုံမှတ်ဆီသို့...

ပြည်စိုးညိမ်း

သည်ရက်ပိုင်းအတွင်း မြန်မာရုပ်ရှင်ချစ်သူတို့အတွက် သတင်းကောင်းတစ်ခုကဆီးကြိုလို့နေသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများ ပိုမိုထိတွေ့ဆက်ဆံနိုင်ရေးအတွက် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်ပြုလုပ်မည်ဆိုသည့် သတင်းပင်ဖြစ်သည်။ ထိုသတင်းကောင်းမှာ အစီအစဉ်မစတင်မီကပင် ရုပ်ရှင်ချစ်သူတို့အကြား တစ်ဦးနှင့်တစ်ဦး သတင်းစကားပေးပို့ရင်းဖြင့်ပျံ့နှံ့နေပြီဖြစ်၏။



အစီအစဉ်အရ ၂၀၂၆ ခုနှစ် ဇွန်လ ၈ ရက်မှ ၁၁ ရက်အထိ ဥတ္တရသီရိကုန်တိုက် ကျေစီနီပလက်စ် ရုပ်ရှင်ရုံ၌ စိတ်ဝင်စားဖွယ် ရုပ်ရှင် ဇာတ်ကားကောင်းများကို ညနေ ငါးနာရီအထိ တစ်ရက်လျှင် နှစ်ကားနှုန်းဖြင့် အခမဲ့ပြသခဲ့ရာ ရုပ်ရှင်ချစ်ပရိသတ်များ နှစ်ထောင်းအားရလျက်ရှိကြောင်း ကိုလည်းတွေ့ရှိရပါ၏။

ကမ္ဘာ့ရုပ်ရှင်သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ပြင်သစ်နိုင်ငံ ပါရီမြို့ ဂရင်းန်ကဖေးတွင် ၁၈၉၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ပြသခဲ့သည့် " workers Leaving the Lumiere Factory " အမည်ရှိမှတ်တမ်းရုပ်ရှင်မှာ ကမ္ဘာ့ပထမဆုံးစီးပွားဖြစ်ရုပ်ရှင်ဖြစ်ကြောင်း မှတ်သားရသည်။ ပြင်သစ်လူမျိုး လူမီယဲညီနောင်တို့ တီထွင်ရိုက်ကူးထုတ်လုပ်လိုက်သည့် ၎င်းရုပ်ရှင်မှာ ဖလင်အရှည် ၁၇ မီတာမျှသာရှိပြီး ပြသချိန်မှာလည်း စက္ကန့် ၅၀ မျှသာ ကြာမြင့်သည့် တိုင် ကမ္ဘာကြီးကို အကြီးအကျယ် ပြောင်းလဲစေခဲ့သည်ဟု အဆိုရှိသည်။

ရုပ်ရှင်သည် အနုပညာနှင့် အတတ်ပညာတို့ အချိုးကျပေါင်းစပ်ထားသည့် ထုတ်ကုန်တစ်မျိုးပဲဖြစ်သည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် လှုပ်ရှားနေကြသည့် ပုံရိပ်များက ကြည့်ရှုနေကြသူများ၏ စိတ်နှလုံးကို ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသည်။ ရုပ်ရှင်ကြည့်ပရိသတ်တို့အပေါ် ကြီးမားသည့် သြဇာသက်ရောက်မှုရှိနေသည့် အပျော့ထည်စွမ်းအား (Soft Power) တစ်ခုလည်းဖြစ်သည်။

အပျော့ထည်စွမ်းအား (Soft Power) ဆိုသည်မှာ အနိုင်အထက်မပြု၊ အတင်းအကျပ်မခိုင်း၊ ဖိအားမပေး၊ အမိန့်ပေးခြင်းလည်းမလုပ်။ ယင်းတို့အစား သိမ်မွေ့ညင်သာစွာ ဆွဲဆောင်မှုကိုသာ ပြုလုပ်သည်။ စည်းရုံးသိမ်းသွင်းမှုကိုသာ ပြုလုပ်သည်။ ရုပ်ရှင်၊ ဂီတ၊ အနုပညာ၊ အားကစား၊ အစားအစာ၊ ပညာရေးစသည့် အရင်းအမြစ်များ၊ လူ့ဂုဏ်သိက္ခာနှင့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ သံခင်းတမန်ခင်းများ၊ အကူအညီပေးအပ်ခြင်းများစသည်တို့မှာ အပျော့ထည်စွမ်းအား၏ အဓိကအရင်းအမြစ်များပင်ဖြစ်သည်။

အကယ်စင်စစ် ရုပ်ရှင်အနုပညာဆိုသည်ကလည်း နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အခြေခံအင်အားတစ်ရပ်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို ကမ္ဘာနှင့်ဆက်သွယ်ပေါင်းကူးပေးနိုင်သည့် ဘာသာစကားတစ်ခုလည်းဖြစ်သည်။ ထို့အတူ မိမိတို့နိုင်ငံ၏ အမျိုးသားရေးလက္ခဏာနှင့် လူနေမှုဘဝအသီးသီးကို ကမ္ဘာသို့ထုတ်ဖော်ပြသနိုင်သည့် ကျယ်ပြန့်သော မီဒီယာတစ်ခုလည်းဖြစ်သည်။ နိုင်ငံနှင့်ပြည်သူတို့၏ အတွေးအခေါ်ပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် တန်ဖိုးထားမှုများကို ထင်ဟပ်ဖော်ပြနိုင်သည့် အားကောင်းသောအနုပညာတစ်ရပ်ဖြစ်သည့်အတွက် ရုပ်ရှင်အနုပညာကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍမပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ ပြီးပြည့်စုံမှုမရှိဟုပင် ဆိုနိုင်ကောင်းသည်။ ထိုကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်သော ရုပ်ရှင်အနုပညာကို နိုင်ငံတော်၏ စိတ်ဝိညာဉ်ဟုဆိုလျှင် လွန်အံ့မထင်ပါ။


မိမိတို့နိုင်ငံ၌လည်း မြန်မာ့ရုပ်ရှင်လုပ်ငန်းထူထောင်နိုင်ရန် ၁၉၁၀ ပြည့်နှစ်မှစ၍ ကြံစည် ကြိုးပမ်းမှုများရှိခဲ့ရာ ကမ္ဘာနှင့်အညီ အမီလိုက်နိုင်ရန် ထိုခေတ်မြန်မာတို့ ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် လန်ဒန်အတ် ဦးအုန်းမောင် ရိုက်ကူးသည့် "ဦးထွန်းရှိန် ဈာပနမှတ်တမ်း ရုပ်ရှင်" ပေါ်ထွက်လာခဲ့ခြင်းဖြင့် မြန်မာ့ရုပ်ရှင်သမိုင်း စတင်ခဲ့ခြင်းဖြစ်၏။ မိမိတို့တွင် ရှိနေသည့် အရင်းအမြစ်၊ အနုပညာ၊ အတတ်ပညာ၊ တီထွင်ကြံဆမှုတို့ဖြင့် မြန်မာ့ရုပ်ရှင်ဟူ၍ ဖြစ်တည်လာရခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော် သမိုင်းတစ်လျှောက်တွင် မှတ်တိုင်များစွာ စိုက်ထူနိုင်ခဲ့သည်။ အနုပညာအစုစုတို့မှာ လိုအပ်လှစွာသော ပေါင်းကူးတံတားများပင်ဖြစ်သည်။ မြန်မာနှင့်တရုတ်နိုင်ငံတို့မှာ မိုင်ပေါင်း ၁၃၈၄ မိုင်ခန့်ရှည်လျားစွာ နယ်နိမိတ်ချင်းထိစပ်နေကြသည်။ ဤမျှရှည်လျားသော နယ်နိမိတ်ကိုဖြတ်ကျော်၍ နှစ်ပေါင်းထောင်ချီသည့် အချိန်ကာလများတစ်လျှောက်လုံးများ၊ ကုန်စည်များသာမကဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမတို့ပါ အပြန်အလှန် စီးဆင်းခဲ့ကြရာ ယဉ်ကျေးမှုများပေါင်းစည်းကြွယ်ဝခြင်းသဘောတရားအရ မိမိတို့နိုင်ငံအဖို့လည်း ရုက်သတ္တပတ်အစီအစဉ်" ဖွင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ခဲ့သည်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များအတွက် အားတက်ဖွယ်မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး၏ **"ရုပ်ရှင်မပေါ်ခင်ကာလများမှ ခေတ်အဆက်ဆက်ကတည်းက နှစ်နိုင်ငံအကြား စာပေနှင့် ဂီတ၊ သတင်းကဏ္ဍများမှ တစ်ဆင့် ပြည်သူများအကြား အပြန်အလှန် စီးဆင်းပေါင်းစည်းခဲ့ကြကြောင်း၊ တရုတ်နိုင်ငံ၏ လေးနက်လှသည့် ဂန္ဓဝင်ဝတ္ထုကြီးများ၊ တရုတ်ရိုးရာစစ်ဗျူဟာများ၊ သစ္စာတရားများကို မြန်မာ့စာပေလောကနှင့် ဘာသာပြန်ဖတ်ရှုကြရသည့်အတွက် ယနေ့ထက်ထိ ရှင်သန်နေဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ စာပေ၊ ဂီတ၊ အနုပညာအခြေခံအုတ်မြစ်များ ခိုင်မာခဲ့သည့်အစဉ်အလာကြောင့်ပင် ယနေ့ခေတ်ရုပ်ရှင်ကဏ္ဍ၌ ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း"** ပြောကြားချက်မှာ များစွာမှတ်သားဖွယ်ကောင်းလှသည်။

မိမိတို့မြန်မာစာပေလောကတွင် ကမ္ဘာ့အစောဆုံးစစ်ပညာကျမ်းဖြစ်သည့် တရုတ်စစ်ပါရဂူ စစ်သူကြီး ဆွန်ဇူး (Sun Tzu) ၏ စစ်ဝိဇ္ဇာပညာကျမ်း (The Art of War) ဆိုလျှင် ယနေ့တိုင် အကြိမ်ကြိမ် ဘာသာပြန်ဆိုထုတ်ဝေနေရဆဲ စာအုပ်တစ်အုပ်ဖြစ်သည်။ ထို့အတူ ချင်မင်းဆက် (Qing Dynasty) ကာလအတွင်း စာရေးဆရာ ချောင်းရွှယ်ချင် (Cao Xueqin) ရေးသားခဲ့သော တရုတ်ဂန္ဓဝင်စာပေသမိုင်းတွင် အကြီးကျယ် ဆုံးနှင့် သြဇာအရှိဆုံး ဝတ္ထုကြီးဖြစ် သည့် "ခန်းဆောင်နီ စာအုပ်များ၊ အင်္ဂလိပ်ဘာသာမှတစ်ဆင့် ပြန်ဆိုသည့်စာအုပ်များ စသည်ဖြင့် သုတ၊ ရသ၊ ကျမ်းစာအုပ်များလည်း အများအပြား ရှိနေသည်။

ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများဆိုလျှင်လည်း တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့မှ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများကို လွန်ခဲ့သည့် ဆယ်စုနှစ်များမှပင် မြန်မာတို့စွဲလမ်းနှစ်သက်စွာ ကြည့်ရှုခံစားခဲ့ကြသည်။ မိမိတို့၏ ငယ်စဉ်ဘဝကို ပြန်တွေးမိလျှင်ပင် ထိုဇာတ်လမ်းတွဲများမှာ တစ်ခန်းတစ်ကဏ္ဍအဖြစ် တခုတ်တရပါဝင်နေမည်သာဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည့် "အနောက်သို့ခရီးသွားခြင်း (Journey to the West)" ဆိုလျှင် မြန်မာမိသားစုတို့၏ ညဉ့်ဦးယံဧည့်ခန်းတွင် မိသားစုဝင်များအားလုံးကို စုံညီစေခဲ့သည်အထိ အနုပညာ၏တန်ဖိုးနှင့် အကြောင်းအရာ၏တန်ဖိုးများ နက်ရှိုင်းလှပနေခဲ့သည်။

ထိုစဉ်က မျောက်မင်းစွန်းဝူခုန်းကို သဘောကျနှစ်သက်ခဲ့ကြသည့် မိမိတို့တစ်တွေပင် ယခုဆိုလျှင် မိဘအရွယ်သို့ရောက်ရှိနေခဲ့ကြပြီဖြစ်သည်။ ဆိုလိုရင်း အဓိပ္ပါယ်မှာ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများဆိုသည်မှာ အချက်အလက်များ၊ ရိုက်ကူးတင်ပြပုံများနှင့် အနုပညာစွမ်းရည်ကောင်းလျှင်ကောင်း သလောက် လူမျိုးတစ်မျိုးနှင့်တစ်မျိုး သိမြင်နားလည်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုရရှိနိုင်စေရန်စွမ်းဆောင်နိုင်စွမ်းအမြင့်မားဆုံးသော မီဒီယာများဖြစ်သည်ဟု တင်ပြလိုခြင်းဖြစ်သည်။

မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး



အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာသည့် သမိုင်းကြောင်းအစဉ်အလာများကို အလေးအနက်ထားသူဖြစ်သည်။ ယခုလည်း "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲအိပ်မက် (Dream of the Red Chamber)" ကိုလည်း မြန်မာစာရေးဆရာကြီး မြသန်းတင့်က အခန်း ၁၂၀ လုံးကို အဆင့်မြင့်မားစွာ ဘာသာပြန်ဆိုခဲ့သည်။ ယင်းစာအုပ်မှာ အမျိုးသားစာပေဆုရစာအုပ် အဖြစ် မြန်မာစာပေဌာနခန်းဆောင်တွင် တခမ်းတနားတည်ရှိနေပြီဖြစ်သည်။ ထို့ပြင် တရုတ်ဘာသာမှ တိုက်ရိုက်ပြန်ဆိုသည့် ထူထောင်မှု (၇၆)နှစ်မြောက် အခါသမယအထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ် အစီအစဉ်" တွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကားကို အလှည့်ကျ အခမဲ့ပြသလျက်ရှိသည်။ မြန်မာရုပ်ရှင်ချစ်သူများကလည်း တစ်ခဲနက်

စာမျက်နှာ ၁၀ သို့ ●

● **စာမျက်နှာ ၉ မှအဆက်**

အားပေးကြည့်ရှုလျက်ရှိရာ ရုပ်ရှင်အနုပညာကပေးသည့် ဖော်ပြပါစွမ်းဆောင်ရည်များကိုလည်း တစ်ပါတည်းရရှိခံစားနိုင်ကြလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

အခြားတစ်ဖက်မှကြည့်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်နိုင်ငံကြီးဖြစ်ပြီး နိုင်ငံသစ်ထူထောင်သည်မှစ၍ တရုတ်ခေါင်းဆောင်များနှင့် တရုတ်ပြည်သူများ၏ မဆုတ်မနစ်ကြိုးစားရုန်းကန်မှုများ၊ ဇွဲသတ္တိနှင့်လုံ့လဝီရိယများ၊ ဖွံ့ဖြိုးတိုးတက်မှုလှေကားကို တစ်ဆင့်ပြီးတစ်ဆင့် ခိုင်ခိုင်မြဲမြဲတက်လှမ်းလာမှုများမှာလည်း မိမိတို့မျက်စိရှေ့မှောက်မှာပင် မြင်တွေ့နေရသည့် ဇာတ်လမ်းရှည်ကြီးတစ်ပုဒ်သဖွယ်ပင်ဖြစ်သည်။ မိမိတို့အတွက် မုဒိတာပွားဖွယ်၊ အားကျအတုယူဖွယ် ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဟုဆိုနိုင်ပါ၏။

သို့ဖြစ်ရာ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိသည့် မြန်မာနှင့်တရုတ်အကြားမှ ရှိရင်းစွဲ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ဆက်လက်ရှင်သန်တိုးတက်နေစေရေး ယခုကဲ့သို့ အနုပညာဆိုင်ရာပွဲတော်များဖြင့် ယဉ်ကျေးမှုများ မြှင့်တင်ဖလှယ်နေရမည်ဖြစ်သည်။ ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးဆိုင်ရာ ခံစားမှုများ၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုများ အစရှိသည့် နယ်ပယ်စုံ၌လည်း ပိုမိုတိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်၍ အောင်မြင်စွာကျင်းပလျက်ရှိသည့် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်" မှသည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၆) နှစ်ပြည့်မြောက်သည့် အခါသမယအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် အလွှာအသီးသီးတို့ကြား၌လည်း တူညီသောချစ်ခြင်းတရားတို့၏ ဆုံမှတ်ဆီသို့ မလွဲမကေန်ဆိုက်ရောက်လိမ့်မည်ဖြစ်ပါကြောင်း ညွှတ်နူးသောစိတ်နှလုံးဖြင့် စာပန်းချီခြယ်မှုန်းလိုက်ရပါသည်။ ။

ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဇွန် ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးခရိုင် ကဝမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ လာရောက်ပြုလုပ်နေသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ကဝမြို့နယ် (၁)ရပ်ကွက်အတွင်းရှိ မိုးစပါးစိုက်လယ်မြေများ စုပေါင်းထွန်ယက်နေမှုနှင့် အုန်းနဲ့စံပြကျေးရွာရှိ



အစိုးရစက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ယင်းနောက် ကဝမြို့နယ် မုဒုကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်အေးရင်၏ ဥစားကြက်ကောင်ရေ ၅၀၀၀၀ မွေးမြူထားရှိမှုနှင့် သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက်ရှိ ဦးခင်ဇော်၏ "ထက်ခိုင်" သဘာဝ ဘဲသားဖောက်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဧဝလုံခြုံရေးနှင့် တိရစ္ဆာန်အစာအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကိုယ်တိုင်ထုတ်လုပ်မွေးမြူနိုင်ရေး ဆွေးနွေးပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုမိတ်ဆက်

တောင်ကြီး ဇွန် ၉

ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်လွတ်တော်ဒုတိယဥက္ကဋ္ဌပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အားကစားရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးဒေါ်နန်းခမ်းလူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။



ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက စားစရိတ်ငွေများထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး/ပြည်နယ်အသင်းတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဆိုက်ဘာလုံခြုံရေး (Cyber Security) ဆိုင်ရာ အသိပညာပေးဟောပြော



နေပြည်တော် ဇွန် ၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဆိုက်ဘာလုံခြုံရေး (Cyber Security) ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားရှိသည့် ဆိုက်ဘာလုံခြုံရေးဥပဒေများ၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့် အစီအမံများကို သိရှိလိုက်နာကျင့်သုံးဆောင်ရွက်ကြရန်နှင့် ဆိုက်ဘာလုံခြုံရေး ယဉ်ကျေးမှုတစ်ရပ် ပိုမိုခိုင်မာလာစေပြီး လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းဖြင့် Digital Government တည်ဆောက်ရာတွင် အားလုံးအတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုက်ဘာလုံခြုံရေး (Cyber Security)နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မြဝတီ

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေ၊ အကြမ်းဖက်ပစ္စည်းတွေကို အားပေးလက်ခံကူညီလုပ်ဆောင်နေသည့်အတွက် ပြည်သူတွေရင်ဆိုင်နေရတဲ့ ဆိုးကျိုးများ"** ခေါင်းစဉ်ဖြင့် ၁၀-၆-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၇-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်လုပ်ရပ်တွေကျူးလွန်နေတဲ့ ပြည်ဗျက်အစိုးရလက်ပါးစေ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanhthong BOUDTAVONG ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ၆ နာရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanhthong BOUDTAVONG ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဧရာဝတီရိုဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့်အတူ လာအိုပြည်သူ့တပ်မတော်နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူး Colonel Mixay PHENGSAVATH၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူး Colonel Viphaxay CHANTHAMATH နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-လာအိုနှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံ၊ မဟာမဲခြင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ-ကျောက်ဖရား-မဲခြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဒေသတွင်းတိုးတက် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီဗိုကရေစီနည်းကျရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ဟန်ချက်ညီဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanhthong BOUDTAVONG ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❑ မြန်မာ-လာအိုနှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ဟန်ချက်ညီဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် ၆ နာရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အိမ်နီးချင်းကောင်းပီသမှု၊ စစ်မှန်သည့် စိတ်ဆန္ဒတို့အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရေး၊ ဘင်္ဂလားဒေ့ရှ်ဘက်က မြန်မာဘက်သို့ စိစစ်ရန် ပေးအပ်ထားသည့် နေရပ်စွန့်ခွာသူများစာရင်းအပေါ် မြန်မာဘက်က စိစစ်ပြီးစီးမှု အခြေအနေများနှင့် ရခိုင်ပြည်နယ်၌ အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံသွားရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။ မြဝတီ



MSME လုပ်ငန်းရှင်များနှင့် ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ တွေ့ဆုံဆွေးနွေး

နေပြည်တော် ၆ နာရီ ၉

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုနှင့် အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန်လ ၇ ရက်က မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနခွဲ၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် MSME ချေးငွေများ သွက်လက်မြန်ဆန်စွာရရှိစေရေးနှင့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုဇုန်ထူထောင်နိုင်ရေးအတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)နှင့် မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၉-၆-၂၀၂၆

မြစ်ကြီးနား	၄	ဒသမ	၀၉	လက်မ	မော်လမြိုင်	၁	ဒသမ	၈၄	လက်မ	ပင်လောင်း	၁	ဒသမ	၆၅	လက်မ
ကျိုက္ခမီ	၂	ဒသမ	၈၀	လက်မ	နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်)	၁	ဒသမ	၆၅	လက်မ	သာယာဝတီ	၁	ဒသမ	၆၁	လက်မ
ခန္တီး	၂	ဒသမ	၇၆	လက်မ	မြိတ်	၁	ဒသမ	၆၅	လက်မ	အင်္ဂပူ	၁	ဒသမ	၆၀	လက်မ
										ပန်းတနော်	၁	ဒသမ	၆၀	လက်မ

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ပွဲအပြီး မဏ္ဍိုင်ကြီးသုံးရပ်ပေါ်ပေါက်ခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေး၊ ခေတ်နှင့်လျော်ညီသည့်ဥပဒေများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို လွှတ်တော်တွင် စတင်ဆွေးနွေးလျက်ရှိပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်းထိတွေ့ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း သံအမတ်ကြီးမှတစ်ဆင့်ကူညီပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက မြန်မာလွှတ်တော်များ၏ဖွဲ့စည်းမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား မေးမြန်းခြင်း၊ လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွှတ်တော်ဖွဲ့စည်းမှုများအား ရှင်းလင်းပြောကြားခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များအား ပြန်လည်ဆွေးနွေးမေးမြန်းခဲ့သည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေး



နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာဘြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာဘြည့်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင်တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ၄၇ ချက်အား လွှတ်တော်သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသည့် NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ထုတ်ပြန်ခဲ့ပြီး ညှိနှိုင်းရေးကော်မတီကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား တစ်ဖွဲ့ချင်းအလိုက် စာဖြင့်ဖိတ်ခေါ်ကမ်းလှမ်းမှုအပေါ် ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုဆိုင်ရာ NCA–S EAOs ၏ ရည်မှန်းချက်များဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ရှိအခြေအနေများနှင့်အညီ ပြန်လည်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်သောအဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေးတို့နှင့် ပတ်သက်၍ပြောကြားခဲ့ပြီး ယခုဆွေးနွေးပွဲသည် ကောင်းမွန်သည့်ရလဒ်များရမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ဆောင်ရွက်မည့်ငြိမ်းချမ်းရေးအစီအစဉ်များအား ရှင်းလင်းဆွေးနွေးပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုဆိုင်ရာသဘောထားများကို အဆိုပြုတင်ပြသည်။

ဆက်လက်၍ NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့၏ အဆိုပြုတင်ပြချက်များအပေါ်မူတည်၍ တက်ရောက်လာသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် ဖြေလျှော့မှုများ၊ ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ယန္တရားများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်နိုင်ရေး၊ ကြိုတင်သတ်မှတ်ချက်များမပါသော အပစ်အခတ်ရပ်စဲရေးနှင့် သက်ဆိုင်သူများအကြား အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရေး၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာရေးအတွက် သက်ဆိုင်သူများအား တိုက်တွန်းရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရေး၊ NCA အနှစ်သာရကို အခြေခံသော အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ရေးနှင့် စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးအသီးအပွင့်များခံစားနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်နိုင်ငံတကာအကူအညီများရရှိနိုင်ရေးနှင့် သက်ဆိုင်သူများအားလုံးပါဝင်နိုင်မည့် အစည်းအဝေးကျင်းပရာနေရာ (ပြည်တွင်း/ ပြည်ပ)ကိုလည်း ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က အစိုးရသစ် ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်သည့် ကာလသတ်မှတ်ချက်၊ အစိုးရ၏ ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်တို့နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးမှုအပေါ် ညှိနှိုင်းရေးကော်မတီတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသဘောထားစုစည်းချက်များအား မှတ်တမ်းတင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကိုရပ်နားကာ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန်လ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ဝါသီးနှံပန်းတိုင်အထွက်ရရှိရေး ဘက်စုံနည်းပညာများလိုက်နာဆောင်ရွက်ပေး

အေးအေးသန့်
(ဝါ/လျှော်)

ချည်မျှင်ရှည်ဝါ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် ပိသာ ၇၀၀ ဖြစ်သည်။ ယခုအချိန်တွင် ချည်မျှင်ရှည်ဝါအထွက်နှုန်းကောင်းမွန်ကာ ပန်းတိုင်အထွက်နှုန်းထွက်ရှိပါက ဝါစိုက်တောင်သူများအဆင်ပြေနိုင်မည်ဖြစ်သည်။

ဝါသီးနှံ၏အထွက်နှုန်းကို အဆုံးအဖြတ်ပေးသည့်အချက်များမှာ တစ်ဧကတွင်ဝင်ဆံ့သည့် အပင်ရေ၊ တစ်ပင်မှ ကောက်သိမ်းနိုင်သည့် ဝါပေါက်အရေအတွက်နှင့် ဝါတစ်ပေါက်အလေးချိန်တို့ဖြစ်သည်။ တစ်ဧကဝင်ဆံ့သည့်အပင်ရေအား စိုက်ပျိုးမည့်မျိုး၊ မြေအခြေအနေနှင့် စိုက်ချိန်တို့အပေါ် မူတည်စိုက်ပျိုးရန်ဖြစ်ပြီး အသင့်လျော်ဆုံး အပင်ရေဝင်ဆံ့အောင် စိုက်ပျိုးရန်လိုအပ်သည်။ တစ်ပင်ကောက်သိမ်းရပါပေါက်နှင့် **ဝါတစ်ပေါက်အလေးချိန်တို့ တိုးရန်အတွက်** အစာအာဟာရကို ညီညွတ်မျှတအောင် ဆောင်ရွက်ပေးပြီး အပင်အာဟာရ၊ စိုက်ပျိုးရေစနစ်တကျစီမံသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

မျိုးကောင်းမျိုးသန့်နှင့်မျိုးစေ့စွမ်းအားပြည့်စုံသည့် မျိုးစေ့များရွေးချယ်စိုက်ပျိုးခြင်း

စိုက်ပျိုးရေးဦးစီးဌာနမှ ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀ နှင့် ငွေချည်-၁၁ ဝါမျိုးများအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ မျိုးစေ့ကုမ္ပဏီများမှလည်း ပြည်ပစပ်မျိုးဝါများအားမှတ်ပုံတင်ပြီး တင်သွင်းဖြန့်ဖြူးလျက်ရှိသဖြင့် တောင်သူများမှာ ဒေသနှင့်ကိုက်ညီသောမျိုးများအား နှစ်သက်ရာရွေးချယ်စိုက်ပျိုးနိုင်သည်။

ပြည်တွင်းမှ ရိုးရိုးမျိုးသန့်များစိုက်ပျိုးရာတွင် မျိုးအဖြစ်ရည်ရွယ်၍ စိုက်ပျိုး၊ ကြိတ်ခွဲထားသည့် မျိုးဝါစေ့များအား စိုက်ပျိုးရမည်ဖြစ်သည်။ မျိုးဝါစေ့ပုံစံနှစ်မျိုးဖြစ်သည့် ဂွမ်းမွေးပါမျိုးစေ့နှင့် အက်စစ်နှင့် ဂွမ်းမွေးချွတ်ထားသည့်မျိုးစေ့တို့အား အသုံးပြု စိုက်ပျိုးနိုင်သော်လည်း ဂွမ်းမွေးပါမျိုးစေ့မှာ လုံးပိန်လုံးညှပ်များခွဲခြားရန်ခက်ခဲပြီး ဂွမ်းမွေးများတွင် ပိုးမွှားနှင့်မျိုးစေ့ဆောင်ရောဂါများခိုအောင်းနိုင်သည်။ အပင်ပေါက်ရန် အစိုဓာတ်လည်း ပိုမိုလိုအပ်သည်။

အက်စစ်ချွတ်ပြီး သန့်စင်ထားသည့် မျိုးစေ့များသည် အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး ရှင်သန်နိုင်စွမ်းနှင့် မျိုးစေ့စွမ်းအားပြည့်စုံသည်သာမက အပင်ပေါက်ရန် အစိုဓာတ်အသင့်အတင့်သာလိုအပ်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ အက်စစ်ချွတ်သန့်စင်ပြီး ဆေးလူးနယ်ထားသည့် မျိုးစေ့များအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသကဲ့သို့ တောင်သူများကိုယ်တိုင် မျိုးဝါစေ့အက်စစ်ချွတ်ပြီး စိုက်ပျိုးနိုင်ရန်လည်း နည်းပညာများဖြန့်ဝေလျက်ရှိသည်။ စပ်မျိုးဝါမျိုးများအား စိုက်ပျိုးမည်ဆိုပါကလည်း ပထမသားဆက် (F1) မျိုးစေ့များကိုသာ စိုက်ပျိုးရမည်ဖြစ်ပြီး ဒုတိယ၊ တတိယမျိုးဆက်များ F2၊ F3 စိုက်ပျိုးပါက အပင်ဖြစ်ထွန်းမှုနှင့်အထွက်တို့ သေချာမှုမရှိဖြစ်နိုင်သည်။

ချည်မျှင်ရှည်ဝါစိုက်ပျိုးမြေအမျိုးအစားနှင့် ထယ်ရေးပြုပြင်ခြင်း

ဝါသီးနှံပန်းတိုင်အထွက်နှုန်း မျှော်မှန်းရရှိရန် မြေဆီဩဇာသင့်တင့်ပြီး အစိုဓာတ်ထိန်းနိုင်သော မြေတွင် စိုက်ပျိုးရန်နှင့် ဝါစိုက်ထယ်ရေးကောင်းရရှိအောင်လည်း ဆောင်ရွက်ရန်လိုအပ်သည်။ ဝါပင်သည် အပင်ငယ်စဉ်တွင် အပင်ဖြစ်ထွန်းမှုနှေးပြီး အမြစ်ပိုင်းကြီးထွားမှုလျင်မြန်သည်။ သို့ဖြစ်၍ ထယ်ရေးနက်နက်ညက်ညက်ဆောင်ရွက်ပေးမှသာ အမြစ်ကောင်းစွာ ထိုးဆင်းနိုင်ပြီး အပင်ဖြစ်ထွန်းမှုကောင်းမည်ဖြစ်သည်။ ဝါစိုက်ထယ်ရေးအဖြစ် စက်ထယ်နှစ်စပ်နှင့် စက်ထွန်နှစ်စပ် သို့မဟုတ် နွားထွန်လေးစပ်မှ ခြောက်စပ်အထိ ဆောင်ရွက်ပေးရမည်။

စိုက်ပျိုးချိန်မှန်ကန်စေခြင်း

မြန်မာနိုင်ငံတွင် ချည်မျှင်ရှည်ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းသုံးရာသီ စိုက်ပျိုးလျက်ရှိသည်။ စိုက်ရေပေးသွင်းနိုင်သည့်ဒေသများတွင် မိုးကြိုရာသီစိုက်ပျိုးခြင်း (ဖေဖော်ဝါရီလလယ်မှမတ်လလယ်)၊ မိုးကောင်းသောက်ဒေသများနှင့် အစိုဓာတ်မထိန်းနိုင်သည့် မြေအမျိုးအစားများတွင် မိုးဦးမှစ၍ မိုးစိုက်အဖြစ် စိုက်ပျိုးခြင်း (မေလလယ်မှ ဇွန်လကုန်) နှင့် ဖြည့်စွက်ရေပေးသွင်းနိုင်သည့်ဒေသများနှင့် အစိုဓာတ်ထိန်းနိုင်သည့် မြေအမျိုးအစားများတွင် မိုးနှောင်းရာသီစိုက်ပျိုးခြင်း (ဇူလိုင်လလယ်မှ သြဂုတ်လလယ်အတွင်း) တို့ဖြစ်ပြီး အချိန်မီစိုက်ပျိုးရမည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်ဒေသအတွင်း၌ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုရှိခဲ့သဖြင့် ရေပေးသွင်းနိုင်ပြီး အပင်ပြုစုမှုနှင့်အာဟာရထည့်သွင်းမှုတို့ကို စနစ်တကျဆောင်ရွက်ပေးခြင်းဖြင့် ဆောင်းရာသီတွင် စိုက်ပျိုးခြင်းဖြစ်သော်လည်း အောင်မြင်ဖြစ်ထွန်းမှုရရှိနိုင်ကြောင်းကို တွေ့ရှိရသည်။ ပြောင်းလဲလာသောရာသီဥတုအခြေအနေများတွင် စိုက်ချိန်များချိန်ညှိ စိုက်ပျိုးရန်လိုအပ်ကြောင်းနှင့် စိုက်ပျိုးရေရရှိပါက ရာသီမရွေးစိုက်ပျိုးနိုင်သည်ကိုလည်း သုံးသပ်တွေ့ရှိရသည်။

တစ်ဧကအပင်ရေပြည့်မီအောင်ဆောင်ရွက်ခြင်း

ဝါစိုက်ပျိုးရာတွင် အပင်ရေစုံလင်မှုရှိရန်အရေးကြီးပြီး အထွက်နှုန်းကို အဓိကအဆုံးအဖြတ်ပေးသော အထွက်နှုန်းမိတ်ဖက်ဖြစ်သည်။ လိုအပ်သည့်အပင်အရေအတွက်မပြည့်မီခြင်း၊ ဝင်ဆံ့ရမည့်အရေအတွက်ထက် များပြားခြင်းမရှိအောင် သင့်လျော်သည့် စိုက်စနစ်များအား ရွေးချယ်စိုက်ပျိုးရမည်။ လက်ရှိစိုက်စနစ်များ၏ တန်းကြားပင်ကြားအကွာအဝေးများအရ တစ်ဧကလျှင် အပင်ရေ ၉၆၈၀ မှ ၁၄၅၂၀ ပင်ဝင်ဆံ့သည်။ ယခုကဲ့သို့ ပြောင်းလဲလာသောရာသီဥတုအခြေအနေအရ မြေအရည်အသွေးများကျဆင်းလာခြင်းနှင့် အပင်ဖြစ်ထွန်းမှုများ လျော့နည်းလာခြင်းကို တွေ့ရှိရသဖြင့် အထွက်နှုန်းတိုးမြင့်ရရှိရန်အတွက် တစ်ဧကအပင်ရေတိုး၍စိုက်ပျိုးရန်လိုအပ်လာသည်။ ထိုသို့ အပင်ရေတိုးမြှင့်စိုက်ပျိုးရာတွင် အပင်ကြီးထွားမှုအဆင့်အလိုက် အာဟာရနှင့် အပင်ကြီးထွားမှုထိန်းညှိဆေးများအားလည်း စနစ်တကျအသုံးပြုပေးရမည်ဖြစ်သည်။ စိုက်စနစ်များအလိုက် တစ်ဧကဝင်ဆံ့သည့် အပင်ရေနှင့် တစ်ဧကပိသာ ၇၀၀ ရရှိရန် တစ်ပင်မှကောက်သိမ်းရရှိရမည့် ဝါပေါက်အရေအတွက်တို့အား အောက်တွင်နှိုင်းယှဉ်ဖော်ပြထားပါသည်။

စဉ်	တန်းကြား/ပင်ကြား အကွာအဝေး	တစ်ကျင်းရှိ အပင်ဦးရေ	တစ်ဧကရှိ အပင်ဦးရေ	မျှော်မှန်းအထွက်နှုန်း (၇၀၀)ပိသာ ရရှိရန်တစ်ပင်ကောက်သိမ်းရမည့်ဝါပေါက်
၁	၃' x ၃'	၂ ပင်	၉၆၈၀	၃၀
၂	၃' x ၂'	၂ ပင်	၁၄၅၂၀	၂၀
၃	၂.၅' x ၂.၅'	၂ ပင်	၁၃၉၃၉	၂၁
၄	၃' x ၁'	၂ ပင်	၂၉၀၄၀	၁၀
၅	၃' x ၆"	၁ ပင်	၂၉၀၄၀	၁၀

တန်းကြား၊ပင်ကြား ၃ ပေ x ၁ ပေ (တစ်ကျင်းနှစ်ပင်) နှင့် တန်းကြား၊ ပင်ကြား ၃ ပေ x ၆ လက်မ (တစ်ကျင်း တစ်ပင်) စနစ်တွင် တစ်ဧက အပင်ရေ ၂၉၀၄၀ ဝင်ဆံ့ပြီး တစ်ပင်လျှင် ဝါပေါက် ၁၀ ပေါက်ကောက်သိမ်းနိုင်ပါက ပန်းတိုင်အထွက်မျှော်မှန်းရရှိနိုင်မည်ဖြစ်သည်။ တန်းကြားအား ၂ ဒသမ ၅ ပေသို့မဟုတ် ၃ ပေ စနစ်ထားရှိပြီး ပင်ကြားအကွာအဝေးစိတ်ပေးခြင်းဖြင့် တစ်ဧကလျှင် အပင်ရေ ၂၉၀၀၀ ကျော်ခန့်ဝင်ဆံ့သည့် စိုက်စနစ်အား ပြောင်းလဲစိုက်ပျိုးသင့်သည်။ စိုက်ပျိုးပြီး သုံးရက်မှငါးရက်အကြာ အပင်ပေါက်စုံလျှင် ကျင်းလပ်များ အမြန်ဆုံးဖာထေးပေးပြီး အပင်ရေအပြည့်နီးပါး ဝါကောက်သိမ်းနိုင်ရေးအလေးပေးဆောင်ရွက်ရန်လိုအပ်သည်။



သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအား အချိုးကျသုံးစွဲခြင်း

ဝါသီးနှံသည် အပင်အာဟာရစုပ်ယူအသုံးပြုမှုများခြင်း၊ အပင်ကြီးထွားမှုပုံစံအရ သီးပွင့်အင်္ဂါများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နိုင်ခြင်း၊ အပင်ပိုင်းဖြစ်ထွန်းမှုနှင့် သီးပွင့်အင်္ဂါဖြစ်ပေါ်မှုတို့ တစ်ချိန်တည်းဖြစ်ခြင်း စသည်တို့ကြောင့် အပင်အာဟာရဖြည့်တင်းမှုတွင် ပြည့်စုံ၍ ညီညွတ်မျှတမှုဖြစ်စေရန်လိုအပ်သည်။ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်အသုံးပြုခြင်း၊ သာမန်လိုနှင့်အနည်းလို အာဟာရဓာတ်တို့ဖြည့်စွက်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်မည်။ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရန် အပင်အာဟာရများအား အောက်ပါအတိုင်းအသုံးပြုရမည်ဖြစ်သည်။

- ➢ တစ်ဧကလျှင် နွားချေးလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာအိတ်ဝက်၊ ပိုတက်ရှ်အိတ်ဝက်ကို မြေခံထည့်သွင်းရန်၊
- ➢ အပိမ့်ဝင်ချိန်တွင်လည်း ကွန်ပေါင်းအိတ်ဝက်၊ ယူရီးယားအိတ်ဝက်နှင့် ပိုတက်ရှ်အိတ်ဝက် ရောပြီး အပင်ခြေမှ ၆ လက်မအကွာတွင် ထည့်သွင်းရန်၊
- ➢ ပန်းပွင့်ချိန်တွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားတစ်အိတ်ရောပြီး အပင်ခြေမှ ၈ လက်မ အကွာတွင်ထည့်သွင်းရန်၊
- ➢ ဝါသီးကြီးထွားမှုနောက်ပိုင်းကာလ ဂျ ရက်မှ ၈၀ ရက်သားတွင်ကျန်သည့် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက်ရောပြီး အပင်ခြေမှ ၈ လက်မအကွာတွင်ထည့်သွင်းရန်ဖြစ်သည်။

အနည်းလိုအာဟာရဓာတ်များအနက် အထူးသဖြင့် ဘိုရွန် B သည် ဝတ်မှုန်ကူးမှုကို ပိုမိုအောင်မြင်စေပြီး အသီးတင်ခြင်း၊ သီးလုံးကြီးခြင်း၊ ဂွမ်းထွက်နှင့် ဂွမ်းမွေးအရည်အသွေးကောင်းခြင်းတို့ဖြစ်စေသည်။ ဇင့်ဓာတ်လုံလောက်ပါက ကြွေကျမှုနည်းခြင်းနှင့် ဂွမ်းမွေးမညီမညာဖြစ်မှုလျော့နည်းစေသည်။ သုတေသနဆောင်ရွက်ချက်များအရ မြေဩဇာများထောက်ခံနှုန်းထားအတိုင်း ထည့်သွင်းခြင်းအပေါ်တွင် ဖြည့်စွက်၍ အနည်းလိုအာဟာရ ဘိုရွန်+ဇင့် ရွက်ဖျန်းမြေဩဇာအား ပန်းစပွင့်ချိန်နှင့် ပန်းပွင့်ဖြိုင်ချိန်တို့တွင် အသုံးပြုပေးခြင်းဖြင့် ဝါသီးတင်ရှိမှုနှင့် ဝါတစ်ပေါက်အလေးချိန် ပိုမိုလာပြီး အထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။

အပင်ကြီးထွားမှုထိန်းညှိဆေးများအသုံးပြုခြင်း

အပင်ကြီးထွားမှုအဆင့်အလိုက် အပင်ကြီးထွားမှုထိန်းညှိဆေးများကိုလည်း စနစ်တကျအသုံးပြုသွားရန်လိုအပ်သည်။ အပိမ့်စတင်ဝင်ချိန်တွင် ဖူးပွင့်ဖြစ်ပေါ်မှုကိုလှုံ့ဆော်ရန်နှင့် ပန်းပွင့်မှညီညာစေရန် ဂျင်ဘရဲလစ်အက်စစ်အား အသုံးပြုခြင်း၊ အပင်ပိုင်းကြီးထွားမှုအားထိန်းညှိ၍ သီးပွင့်အင်္ဂါဖြစ်ထွန်းမှုကို အားပေးရန်အတွက် ပစ် (Pix – Mepiquat Chloride) အား ပန်းပွင့်ဖြိုင်ချိန်တွင် အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

ပေါင်းမြက်နှိမ်နင်းခြင်း

ဝါသီးနှံအပင်ငယ်စဉ်ဖြစ်သည့် စိုက်ပျိုးပြီး နှစ်လအတွင်းသည် ပေါင်းမြက်နှိမ်နင်းရေးအတွက်

စာမျက်နှာ ၁၄ သို့ ❐

▼ ရှေ့ဖုံးမှအဆက်

ၔင်းရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန်လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ပေါ်ထွန်းခဲ့သော သောင်နှင့်ကျွန်းများရေမြုပ်၍ ရေမြွှာပေါက်ဖြတ်လမ်းများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏စက်စွမ်းအားနှင့် ရေစီးနှုန်းကိုချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတားရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်းမပြုရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကိုဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကိုဖြတ်သန်းရာတွင် ရေယာဉ် (၂)စီးယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့်ဝန်နှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်းမပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

၉ -၆- ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာနေရာသတ်မှတ်ခြင်း

သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း(HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများအန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❐ စာမျက်နှာ ၁၃ မှအဆက်

အဓိကကျသောကာလဖြစ်သည်။ ဤကာလအတွင်း လက်ပေါင်း နှစ်ကြိမ်မှသုံးကြိမ်လိုက်ပေးခြင်း၊ ကြားထွန်တိုက်ပေးခြင်းတို့ ဆောင်ရွက်ပေးရန်လိုအပ်သည်။

ဝါသီးနှံအားရောဂါးစိုက်ပျိုးခြင်း

မိုးကြိုချည်မျှင်ရှည်ဝါအတွက် စိုက်ရေတစ်ကြိမ်နှင့် အပင်ဖြစ်ရေလေးကြိမ်မှ ငါးကြိမ်၊ မိုးနှောင်းချည်မျှင်ရှည်ဝါတွင် လိုအပ်လျှင် ဖြည့်စွက်ရေ နှစ်ကြိမ်မှ သုံးကြိမ်သွင်းပေးရမည်။ ဝါပင်ရေအလိုအပ်ဆုံးအချိန်မှာ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်ဖြစ်သည်။ အပင်ကြီးထွားမှုအဆင့်အလိုက် လိုအပ်သည့် အစိုဓာတ်လုံလောက်စွာရရှိပါက အထွက်နှုန်း၊ ဂွမ်းမွေးနှင့် ဝါစေ့အရည်အသွေးကောင်းမွန်စေသည်။ ရေမလုံလောက်ခဲ့ပါက အပင်ဆစ်ကြားတိုခြင်း၊ အပင်နှင့် အရွက်အရွယ်အစားငယ်ခြင်း၊ ပန်းပွင့်စောပြီး ဝါပင်စောစွာရပ်နားခြင်း၊ ဝါထွက်နည်းပြီး ဝါအရည်အသွေးညံ့ခြင်းတို့ကို ကြုံတွေ့နိုင်သည်။

ပိုးမွှားကာကွယ်နှိမ်နင်းခြင်း

ဝါသီးနှံသည် အထွက်နှုန်းစွမ်းအားမြင့်မားသော်လည်း ဝါအထွက်ကို အဟန့်အတားဖြစ်စေသော အချက်များတွင် ပိုးမွှားကျရောက်မှုသည်လည်း အဓိကအချက်ဖြစ်သည်။ အပင်၏ပြင်ပနှင့် အပင်ဇီဝဆိုင်ရာတည်ဆောက်ထားမှုထူးခြားချက်များသည် အခြားသီးနှံများထက် ပိုးကျရောက်ဖျက်ဆီးမှုပိုမိုများပြားရန် ဖန်တီးထားသည်။ ဝါပင်ပေါ်ရှိ သီးပွင့်အင်္ကျီများသည် ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် ပိုးမွှားများအတွက် အစာအာဟာရကောင်းများ မပြတ်ပံ့ပိုးပေးသကဲ့သို့ဖြစ်နေသည်။ လက်ရှိစိုက်ပျိုးနေသော ဝါမျိုးအများစုသည် သီးလုံးဖောက်ပိုးဒဏ်ကို ခံနိုင်ရည်ရှိသည့် ဗီဇပါဝင်သဖြင့် စုပ်စားပိုးမွှားအား ပို၍သတိပြုကာကွယ်ရန်လိုအပ်သည်။

အပင်ငယ်စဉ် ပိုးကျရောက်မှုလျော့နည်းစေရန် အက်စစ်ချွတ်၍ ပိုးသတ်ဆေး၊ မှိုသတ်ဆေးလူးနယ်ထားသော မျိုးဝါစေ့ကို အသုံးပြုစိုက်ပျိုးရမည်။ ပိုးမွှားကျရောက်မှုကိုစစ်ဆေး၍ ကျရောက်သော ပိုးနှင့် ကာကွယ်နှိမ်နင်းရမည့် ပိုးသတ်ဆေးအမျိုးအစားကိုက်ညီအောင်ရွေးချယ်၍ သတ်မှတ်နှုန်းထားအတိုင်း ပက်ဖျန်းပေးရမည်။ ပိုးသတ်ဆေးအုပ်စုတစ်ခုတည်းကိုသာ ဆက်တိုက်အသုံးမပြုဘဲ အုပ်စုမတူသောဆေးအား အလှည့်ကျဖျန်းပေးခြင်းဖြင့် ပိုးမွှားများ၏ ဆေးယဉ်ပါးမှု၊ ပိုးသတ်ဆေးခံနိုင်ရည်ရှိမှုကို လျော့နည်းစေမည်။

စနစ်တကျဝါကောက်သိမ်းခြင်း

ဝါများကောင်းစွာ ရင့်မှည့်ပေါက်ကွဲချိန်မှစ၍ အလေအလွင့်မရှိစေရန် စနစ်တကျကောက်သိမ်းရမည်။ တစ်ပင်လျှင် ဝါသီးသုံးလုံးခန့်ကွဲချိန်၊ ပျမ်းမျှအားဖြင့် ဝါပင်သက်တမ်း ၁၁၀ ရက်သားခန့်တွင် စတင်ကောက်သိမ်းနိုင်ပြီး ၁၁၀ မှ ၁၄၀ ရက်သားခန့်အထိ ဝါများသည် လက်ရင်းသီး၊ လက်လယ်သီးများဖြစ်၍ အရည်အသွေးကောင်းဝါဂွမ်းနှင့် မျိုးစေ့များရရှိစေရန် ခွဲခြားကောက်သိမ်းရမည်။

ရာသီဥတုအခြေအနေအား လိုက်လျောညီထွေဖြစ်စေမည့် စိုက်ချိန်၊ စိုက်နည်းစနစ်၊ ပိုးမွှားကာကွယ်မှုနှင့် သွင်းအားစုအသုံးပြုမှုနည်းစနစ်များဆောင်ရွက်ခြင်းနှင့်အတူ အရည်အသွေးကောင်းမျိုးစေ့များအသုံးပြုခြင်း၊ စိုက်ပျိုးရေးရရှိအောင်စီမံခန့်ခွဲခြင်းတို့ဖြင့် ဝါသီးနှံမျှော်မှန်းအထွက်နှုန်းများ ရရှိလာနိုင်မည်ဖြစ်သည်။ ။

★ **စာမျက်နှာ ၁၇ မှအဆက်**

သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီသိရှိမှသာလျှင် အမြန်ဆုံးနှင့်အမှန်ကန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာနအလိုက်၊ ဒေသများအလိုက် မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို သိရှိနားလည်အောင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ထိတွေ့ဆက်ဆံခြင်းများဖြင့် ကွပ်ကဲကြပ်မတ် ဆောင်ရွက်သွားကြရန်လို ကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မှုတစ်စွာဖြင့် အထက်အောက် ကွပ်ကဲအုပ်ချုပ်သွားရန်လို

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ရွေးကောက်ခံအစိုးရဖြစ်ပြီး ပြည်သူများမှရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်ကြောင်း၊ ပြည်သူများ၏ကိုယ်စား နိုင်ငံ့အကျိုးကို ထမ်းဆောင်ကြရမည့် ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ကြရမည့်အစိုးရဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မှုတစ်စွာဖြင့် အထက်အောက်ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည်သူများကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းစွာသိရှိနားလည်နေရမည်ဖြစ်သကဲ့သို့ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်း လိုကြောင်း။

သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းသည် လုပ်ငန်းတစ်ခုအောင်မြင်မှုရှိစေရေးအတွက် ကြိုတင်လေ့လာဆန်းစစ်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်တွေ့ဆောင်ရွက်နိုင်သည်များကို သုတေသနပြုဆောင်ရွက်သွားရန်လိုပြီး အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုအပါအဝင် ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့အသုံးချနိုင်သည့် ဝန်ကြီးဌာနများအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။


ဘဏ္ဍာငွေများအသုံးချမှုနှင့်ပတ်သက်၍လည်း ခွင့်ပြုပေးထားသည့်ဘဏ္ဍာငွေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ **အသုံးချနိုင်မှုမရှိဘဲ ပိုလျှံရန်ပုံငွေစာရင်းသို့ ပြန်လည်အပ်နှံခြင်းသည် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုပင်ဖြစ်**ကြောင်း၊ **အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများအား သတ်မှတ်ကာလအတွင်း သုံးစွဲနိုင်မှုမရှိပါကလည်း ဆောလျင်စွာပြန်လည်အပ်နှံသွားရန်လိုပြီး ထိုသို့ဆောင်ရွက်မှုသာအခြားနိုင်ငံတော်အတွက် လိုအပ်သည့် နေရာများ၌ လွှဲပြောင်းအသုံးပြုနိုင်မည်ဖြစ်**ကြောင်း၊ ပြည်သူလူထုအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဝန်ဆောင်မှုကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဘဏ္ဍာငွေများကို အကျိုးရှိရှိအသုံးချသွားကြရန်လိုကြောင်း၊ ထို့ပြင် ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများအား အလွဲသုံးစားခြင်းများမရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးစစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နေသည်များရှိကြောင်း၊ **ထိုသို့ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးဝိုင်းဆိုင်ရာအရ စစ်ဆေးကြပ်မတ်ခြင်းသာဖြစ်ရန်လိုပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လို**ကြောင်း၊ **လုံခြုံရေးအရတရားမဝင်ကုန်စည်စီးဆင်းမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့အရ စစ်ဆေးခြင်းများဆောင်ရွက်သည်ကို လက်ခံ၍ရသော်လည်း တရားမဝင်ငွေကြေးကောက်ခံခြင်းများမဖြစ်ရန်လို**ကြောင်း၊ **တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်**သွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လစာနှုန်းထားနှင့် ထောက်ပံ့ကြေးများကို ပေးထားကြောင်း၊ သို့ဖြစ်၍ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာများကို မလျော်မညီအသုံးချ၍ ငွေကြေးရယူခြင်း၊ ကောက်ခံခြင်းများ လုပ်ဆောင်ခြင်းမပြုကြရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးတစ်ယောက်၏အကျိုးစီးပွားကိုလိုလားမှုဖြင့် လုံခြုံရေးဆောင်ရွက်နေသူများ၊ နိုင်ငံ့ဝန်ထမ်းများကို ငွေကြေးပေးလာဘ်ထိုးခြင်းများဖြင့် မဖျက်ဆီးကြရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို မလျော်ညီစွာအသုံးပြုခြင်းတို့ဖြင့် အားကောင်းသော နိုင်ငံတော်အစိုးရတစ်ရပ်၏ပုံရိပ်ကို ထိခိုက်ကျဆင်းစေပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းမှုရှိစေရေး ဆောင်ရွက်သွားကြရန်လည်း လိုကြောင်း။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ဝင်တစား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

မြဝတီ



လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

ကြို့ပင်ကောက် ၆နှစ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အမှတ်(၃၂) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ကို ယမန်နေ့က ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် တောင်သူများလက်ဝယ်ရှိ လယ်ယာသုံးစက်ကိရိယာများကို မိမိတို့ကိုယ်တိုင် ပြုပြင်ကာ သက်တမ်းကြာကြာအသုံးပြုနိုင်မည်ဖြစ်၍ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုစက်ပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။



အဆိုပါသင်တန်းကို ၆နှစ်လ ၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုကျွမ်းကျင် (၃) နှင့် စက်မောင်း (၃) ဝန်ထမ်းများက သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

စာဖတ်ရှုနိုင်မြှင့်တင်ရေး ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲများကျင်းပ

ဒေးဒရဲ ၆နှစ် ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ စာဖတ်ရှုနိုင်မြှင့်တင်ရေး ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲများကို ယနေ့တွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရန် စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများနှင့် အခမဲ့သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြန်မာစာစွမ်းရည်ပြိုင်ပွဲ၊ သခ်ၤာစွမ်းရည်ပြိုင်ပွဲနှင့် ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

★ **ရေ့ဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်သူများတွင် ဥစ္စာဓနများ ပေါများခြင်းပင်ဖြစ်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့၏ အဓိကလုပ်ငန်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက်လည်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်သူများတွင် ဥစ္စာဓနများပေါများစေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ဥစ္စာဓနများပေါများစေရေးအတွက် အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရသည်များရှိသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း ကိုယ်တိုင်ကိုယ်ကျင့်ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စိန်ခေါ်မှုများစွာရှိနေပြီး လိုအပ်ချက်များလည်း ရှိကြောင်း၊ အစိုးရ၏အားနည်းချက်များကို အမြဲပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

မကြာမီရက်ပိုင်းအတွင်းက မိမိအနေဖြင့် တောင်ငူဒေသသို့သွားရောက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်နေမှု၊ သီးနှံပင်များအတွက် အလွယ်တကူသုံးစွဲနိုင်သည့် တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များထည့်သွင်းမြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွံမီးသွေးထုတ်လုပ်မှုသရုပ်ပြသခြင်းတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ခရိုင်များအလိုက်ဖွင့်လှစ်ထားသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ပညာသင်ယူကြစေရေး အားပေးတိုက်တွန်းဆောင်ရွက်စေလိုကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ကိုနှိုင်းယှဉ်ပါက မွေးမြူရေးကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်မှုများပိုမိုအားနည်းလျက်ရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ပြည်သူများအနေဖြင့် အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းများဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို လိုအပ်သည့် ပမာဏအလိုက် မျှမျှတတ စားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့စားသုံးနိုင်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ကိုယ်ခန္ဓာနှင့် ကျန်းမာရေးညီညွတ်မှုတို့ကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အသား၊ ငါးတို့ကို စားသုံးခြင်းမှ ရရှိလာမည့်ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း မှန်မှန်ကန်ကန် သိရှိနိုင်ရေးနှင့် ပြည့်ပြည့်ဝဝစားသုံးတတ်စေရေးအသိပညာပေးခြင်းများလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရှိစေရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေး၊ အသား၊ ငါးများအား ပြည်ပသို့ တင်ပို့နိုင်ရေး စနစ်တကျကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းနေနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလို

ပညာရေးနှင့်ပတ်သက်၍ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ယနေ့အချိန်အထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၆ ဒသမ ၇ သန်းကျော် ကျောင်းအပ်နှံခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းအပ်ရာခိုင်နှုန်းများတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး ကျောင်းနေနိုင်ရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပိတ်ထားရသည့် ကျောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီး ကျောင်းနေရာခိုင်နှုန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စံကိုက်ကျောင်းများဖြစ်ရန်လိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုများအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းအဆောက်အဦများ တည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့် အညီတည်ဆောက်ရန်နှင့် ရေရှည်အတွက် Master Plan များ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများစနစ်တကျဖြစ်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မီသည့်ပညာရေးစနစ်ကိုဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာများ စနစ်တကျဖြစ်ရန်လိုသကဲ့သို့ သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဖြင့် ထိထိရောက်ရောက်သင်ကြားပြသပေးနိုင်ရန်လိုကြောင်း၊ ထိုကဲ့သို့ မှန်ကန်ထိရောက်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ထားရှိမှသာနောင် ၁၀ နှစ်ခန့်တွင် နိုင်ငံအတွက်အသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် မျိုးဆက်သစ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း။

ပညာရေးတွင် မူလတန်းအဆင့်ပညာရေးရှိသူ၊ အလယ်တန်းအဆင့်ပညာရေးရှိသူ၊ အထက်တန်းအဆင့်ပညာရေးရှိသူဟူ၍ သုံးပိုင်းတွေ့ရမည်ဖြစ်ပြီး ၎င်းတို့အဆင့်အလိုက် ဆောင်ရွက်၍ရနိုင်သည့် လုပ်ငန်းများကိုလည်း ခွဲခြမ်း၍ရနိုင်မည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ပညာရေးအားနည်းသူများသည် သာမန်အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး မိမိတို့နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်း၊ ၎င်းတို့အတွက် လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလယ်တန်းအဆင့်ရှိသူများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ ကန့်သတ်ချက်များရှိမည်ဖြစ်ကြောင်း၊ ပညာရေးအရအဆင့်မြင့်တန်းအဆင့်တွင်ရှိသူများအနေဖြင့် အလုပ်အကိုင်များစွာရှိမည်ဖြစ်ပြီး ၎င်းတို့၏ကြိုးစားအားထုတ်မှုများအလိုက် နယ်ပယ်အသီးသီးတွင် အောင်မြင်သူများဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် တိုင်းပြည်၏ပညာရေးကိုမဖြစ်မနေအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးအဆင့်မြှင့်တင်မှုကို အထောက်အကူပြုရန်အတွက် တက္ကသိုလ်များအားလုံးတွင် ဥပဒေဘွဲ့နှင့်စီးပွားရေး

❖ ခရိုင်များအလိုက်ဖွင့်လှစ်ထားသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသား အရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ပညာသင်ယူကြစေရေး အားပေးတိုက်တွန်းဆောင်ရွက်စေလို . . .

❖ ကျောင်းနေအရွယ်ကလေးငယ်အားလုံးကျောင်းနေနိုင်ရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်၊ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပိတ်ထားရသည့်ကျောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပြီး ကျောင်းနေရာခိုင်နှုန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လို . . .

❖ မှန်ကန်ထိရောက်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ထားရှိမှသာ နောင် ၁၀ နှစ်ခန့်တွင် နိုင်ငံအတွက်အသီးအပွင့်များကိုခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်အခြေခံကောင်းများရှိပြီးဖြစ်သည့် မျိုးဆက်သစ်များထွက်ပေါ်လာမည်ဖြစ် . . .

ဆိုင်ရာဘွဲ့များကို သင်ကြားစေခဲ့ကြောင်း၊ ထိုသို့သင်ကြားပေးခြင်းဖြင့် ဥပဒေအမြင်နှင့် စီးပွားရေးအမြင်များရှိလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပညာနှင့် စီးပွားရေးပညာတတ်ကျွမ်းသူများပေါ်ကြွယ်ဝစွာမွေးထုတ်ပေးခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အခြားဘာသာရပ်များအလိုက်လည်း ထူးချွန်သည့်သူများကို မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းဖြစ်

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်း၊ သွင်းအား၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များသည် MSME လုပ်ငန်းများအတွက်မဖြစ်မနေလိုအပ်ကြောင်း၊ ပြီးခဲ့သည့်နှစ်များမှစတင်၍ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစွမ်းပကားများ မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မြေနှင့်ရေကို အကျိုးရှိစွာအသုံးချ

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ရေကိုအကျိုးရှိစွာဖြင့် စနစ်တကျအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေနှင့် အောင်ရေရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်တွင် ကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ရေကိုအကျိုးရှိစွာအသုံးချရန်နှင့် ပတ်သက်၍ မိမိတို့တစ်နိုင်ငံလုံးရှိ မြစ်ချောင်းများမှ စီးဆင်းလာသည့်ရေများ၏ ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြန်လည်အသုံးချနိုင်ပြီး ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းခန့်မှာ အသုံးပြုနိုင်မှုမရှိသေးသည်ကို အချက်အလက်များ အရသိရှိရကြောင်း၊ အဆိုပါရေများကို စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားအကျိုးရှိသည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ အပြည့်အဝအသုံးချနိုင်ရန်အတွက် ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားကို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိမြစ်ချောင်းများ၌ နုန်းဆယ်ခြင်းလုပ်ငန်းများ၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရေသယံဇာတကို အကျိုးရှိရှိအသုံးချသွားနိုင်ရေးစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြစ်ချောင်းများ၌ မြေအောက်တမံများတည်ဆောက်၍ ရေအရင်းအမြစ်များကိုထိန်းသိမ်းနိုင်ပြီး မြေဆီဓာတ်ကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ရေအရင်းအမြစ်များကို လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရေသုံးစွဲရာတွင် ပြည်တွင်း၊ ပြည်ပမှသွေးထိုးလှုံ့ဆော်နေကြသူများ၏စကားများကိုနားယောင်ကာ ကန့်ကွက်ခဲ့မှုများကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သင့်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းကြီးများသည် ယခုအချိန်အထိ နောင့်နေးနေရဆဲဖြစ်ကြောင်း၊ ကန့်ကွက်မှုများမရှိခဲ့ပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ လျှပ်စစ်ဓာတ်အားများလုံလောက်စွာဖြင့် ရရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရှည်ကိုမြော်တွေး၍ အားလုံးက စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသအလိုက်မွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ရန်လို

မွေးမြူရေးနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်တွင် မွေးမြူရေးဇုန်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဇုန်များအလိုက် သတ်မှတ်ထားသည့်အတိုင်း မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွင်း အသား၊ ငါးများ၏ဈေးနှုန်းများမှာ ထိုက်သင့်သလောက်ကျဆင်းလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးကြီးမားသည်ဖြစ်သော်လည်း စနစ်တကျဖြင့် စီမံဆောင်ရွက်သွားမည်ဆိုပါက အကျိုးအမြတ်များစွာရရှိစေနိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အလုပ်ကိုအမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရအနေဖြင့် မြစ်ချောင်းများအတွင်းသို့ ငါးသယံဇာတများကို နှစ်စဉ်ထည့်သွင်းပေးလျက်ရှိကြောင်း၊ အားလုံးအမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း လုပ်ငန်းဆောင်ရွက်နိုင်သူများက မွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် သိရှိအောင်ဆောင်ရွက်

လက်ရှိအချိန်တွင် ကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိနေပြီဖြစ်သဖြင့် သင်ကြားရေးဝန်ထမ်းများနှင့်ကျောင်းသား၊ ကျောင်းသူများဘေးကင်းလုံခြုံစွာဖြင့် စာပေသင်ကြားနိုင်ရန်လိုကြောင်း၊ အထူးသဖြင့် အဖျက်အမှောင့်လုပ်ငန်းများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် သိရှိအောင်ဆောင်ရွက်ထားရန်နှင့် အထက်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက် **စာမျက်နှာ ၁၅ သို့** ★

❖ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ MSME ကုန်ထုတ်လုပ်ငန်းများကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်လာအောင်ဆောင်ရွက်၊ နိုင်ငံ၏အခြေအနေအရ MSME ကိုဗဟိုပြု၍ နိုင်ငံ၏စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်သွားရမည် . . .

❖ နိုင်ငံအတွင်းရှိ ပုဂ္ဂလိကပိုင်စက်ရုံများ၊ နိုင်ငံပိုင်စက်ရုံများအားလုံး စဉ်ဆက်မပြတ်လည်ပတ်နေရန်လိုပြီး ကုန်ထုတ်စွမ်းအားများပြည့်မီအောင်ဆောင်ရွက်နေရန်လို၊ စက်ရုံများလည်ပတ်မှုမရှိဘဲရပ်နားထားရခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများပင်ဖြစ်၊ စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်လာမှသာ နိုင်ငံ၏ GDP လည်းတိုးတက်လာမည်ဖြစ် . . .

❖ ပြည်သူများကြုံတွေ့နေရသည့်အခက်အခဲများအား ထုတ်ပြန်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လို . . .

❖ နိုင်ငံတစ်နိုင်ငံတွင် အဓိကအားဖြင့် စီးပွားရေးအားကောင်းရန်လိုပြီး စီးပွားရေးအားကောင်းမှသာလျှင် ငွေကြေးခိုင်မာမှုရှိလာမည်ဖြစ်၊ မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်၏ငွေကြေးကိုခိုင်မာအောင်လုပ်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအရ အားကောင်းလာစေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ် . . .

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

As the government is the people's government chosen by the people, it must serve the national and public interest on behalf of the people and must do its job well through coordination

NAY PYI TAW June 9

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this morning, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.



President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting.

National economic development brings wealth to the people

In his keynote address, the President said the main task of the government is national development. It must also strive to ensure peace and stability. National economic development generates wealth for the people. While the government, the relevant ministries and region/state governments are striving for increasing prosperity, the collective participation of the people is also a requisite. The government has many challenges and requirements. It must always overcome the weak points.

Recently, I went on an inspection tour of the areas in and around Toungoo, witnessing the development undertakings, harvesting of summer paddy at the model fields, a demonstration on the use of low-cost user-friendly liquid natural pesticides and nutrients, land preparations and paddy husk charcoal production, said the President. He said he saw with his own eyes the requirements of farmers in extending their agriculture businesses. The basic education and mechanical, agriculture and livestock high schools have been opened district wise for producing human resources for the fields. Students should be encouraged to attend the schools with keen interest.

He said if the agricultural sector and livestock sector of the country are compared, we can see that the latter is weaker. People will be able to consume meat, fish, milk and eggs fully at reasonable prices only if the livestock sector can be developed. People must consume the required amounts of meat, fish, eggs, fruits and vegetables in a proper ration to be healthy and fit. Awareness campaigns must be conducted for the people to have the knowledge of the health benefits meat and fish can provide for them and healthy eating habits. Systematic efforts should be made for the success of agriculture and livestock businesses, domestic food sufficiency and exporting meat and fish.

Collective efforts to send all school age children to schools

Now, a new academic year has started, and over 6.7 million students enrolled at schools including monastic education schools. Regions and states saw an increase in the enrollment percentage. Collective efforts must be made to enable all school age children to attend classes. Efforts must be made to reopen the schools that were closed for certain reasons to further increase the population of school students.

Basic education schools must meet their criteria for the convenience of teaching and learning process. School buildings must be built in accord with the standard procedures, and master plans are needed for their durability. It is the duty of region/state governments to systematize the schools. The standard education system requires proper external features and efficient teaching methods. Only through the correct and effective investments for educational development, the country will be able to enjoy the fruits in the coming ten years, and the new generation with good foundations will emerge.

In education, there are three parts, which are, the people with primary education, middle school education and high school education, and their work qualifications can be categorized. Generally, people with minimal formal education will have to earn their living through low-skilled jobs, and their population is about half the country's total population. These people need occupational training. Persons with middle school level education can have limited job opportunities. Persons with high level education will have a lot of job opportunities, and based on their efforts, they will enjoy success in their relevant fields. Hence, the government is improving the education level of the State without fail. As a measure to support the education promotion activity, law and economic subjects are taught in all universities. In this way, students will have legal and economic perspectives. By generating a large number of legal experts and economic experts, the country will be able to enjoy a lot of benefits. The government is also working to bring about experts in other fields.

MSMEs meet the country's objective conditions

MSMEs are the businesses that are aligned with objective conditions for national economic development. So, regions and states must strive for MSME development. MSMES must rely on local raw materials. Raw materials, capital and human resources are the essential requirements of MSMEs. The country started to see the continuous

See Page - 19►►

►► From Page - 18

development of MSMEs in the previous years. As the endeavours are required for agriculture and livestock development, MSMEs must be turned into one of the country's main economic driving forces. According to the country's situation, economic development must be centred on MSMEs. Likewise, heavy industries such as iron and steel, textiles, electronic and technological, car production industries, that are production businesses based on technology must also be carried out, with the persons who have completed their higher education.

Only when industrial manufacturing sectors develop will the country's GDP also increase

He stated that it is required for all private and state-owned factories in the country to operate continuously and to work toward meeting production capacities, as having factories shut down without operating results in losses for the state, that only when industrial manufacturing sectors develop will the country's GDP also increase, and that therefore, it is necessary for respective ministries to strive and work toward further developing industrial enterprises and enhancing operational capabilities.

Land and water must be utilized beneficially for agricultural and livestock farming activities

He stated that it is necessary to systematically and beneficially utilize water in agricultural and livestock farming activities, that obtaining farm water and maturity water is crucial in agricultural activities, and that it is required to beneficially and correctly utilize the country's existing natural resources of land and water. He further expressed that in carrying out such tasks, it is necessary to operate systematically with experts, that agricultural activities must be carried out with the same level of care and consideration given to a person—just as a person requires continuous provisions of water, food, and health care to survive and stay healthy, agriculture requires the same—and that land must be utilized valuably, with soil conditioning performed to improve fertility. He also noted that even in countries where rich soil and water resources are difficult to obtain, agricultural activities are being successfully carried out using modern technologies, and that therefore, it is necessary to strive and work toward the progress and development of agricultural and livestock farming activities across respective regions and states.

Regarding the beneficial utilization of water, he stated that data shows that only about 20 percent of the water flowing from rivers and streams across our country can be reused, while the remaining 80 percent is not yet utilized. He expressed that it is necessary to utilize this water in agricultural sectors and other beneficial areas, and that water storage and conservation sites are required to fully utilize it. He further mentioned that in some regions where there are limitations to full stability and rule of law, excessive illegal gold mining operations near rivers and streams are causing them to become shallow, resulting in high siltation and the destruction of water currents. Therefore, he added that it is necessary for local administrative officials to effectively crack down on illegal gold mining operations to prevent the destruction of the country's valuable water resources, conserve the natural environment, and prevent flooding.He also stated that it is necessary for local residents to cooperate in protecting the country's interest by reporting illegal gold mining activities in their respective areas to the authorities to prevent such operations, and that silt dredging and water resource conservation activities must be carried out in the country's rivers and streams to manage and utilize water resources beneficially. He expressed that constructing underground dams in rivers and streams can conserve water resources and maintain soil moisture, which will provide adequate water resources needed for agricultural activities. He further mentioned that it is necessary to teach systematic water usage practices to avoid wasteful utilization in schools, including basic education schools and industrial, agricultural, and livestock breeding high schools, and that everyone needs to understand that it is a loss for the state when water resources flow from high to low areas into rivers and streams and eventually into the sea without being beneficially managed and utilized.

He stated that hydropower generation projects can be successfully implemented in the country's rivers and streams to meet electricity demands, but due to objections caused by listening to the instigations of domestic and foreign agitators who do not wish to see the country develop and lack understanding of long-term benefits, major hydropower generation projects that should have been realized in the state are still delayed until now. He expressed that if there had been no objections, our country would have a sufficient supply of electricity by now, and that therefore, everyone needs to consider and act with a view toward the long term.

To work toward developing livestock breeding activities in respective regions

Regarding livestock breeding,he stated that livestock breeding zones are being established in respective regions and states, and that if breeding and production can be carried out according to the designations of each zone, the prices of meat and fish in the region will decrease reasonably. He expressed that although livestock breeding is a capital-intensive business, it is an enterprise that can yield substantial profits if managed systematically, and that he wants everyone to work toward genuine success in their endeavors. He further mentioned that the government annually releases fish fingerlings into rivers and streams, that everyone needs to truly work, and that on the other hand, those capable of operating businesses need to implement livestock breeding zones. Therefore, he added that it is necessary to strive and work across respective regions and states to develop livestock breeding activities.

Take action to know the true situations occurring on the ground accurately and in a timely manner

He stated that since schools are currently open and teaching, it is necessary for teaching staff and students to be able to study literature safely and securely, and that security matters must be prioritized especially in regions where destructive activities have occurred. He expressed that security officials and administrative officials must cooperate to carry out security operations, and that action must be taken to know the true situations occurring on the ground accurately and in a timely manner, as well as to report them to higher departments in real time. He further mentioned that only when they know the true situations in a timely manner will they be able to resolve them most quickly and correctly, and that union ministers, and regional and state chief ministers must also supervise by conducting field inspections and engagements to understand the true situations occurring on the ground in their respective ministries and regions.

Union ministers present and clarify

Following that, Union ministers discussed and presented matters according to their respective sectors.

Necessary to supervise hierarchically through unity and fairness among staff while maintaining good public relations

Then, the President delivered concluding remarks, saying the government is an elected one and the people's government elected by the people. As the government that will serve the interest of the country and the people on behalf of the people, it is necessary to perform duties by coordinating well with each other. It is necessary maintain good public relations while supervising hierarchically through unity and fairness among staff. Although hardship faced by the people must be addressed in accordance with the law, rules and regulations, care must be taken not to place burden on the people unnecessarily. Staff are required to be well versed in the law, rules and regulations and to make concerted efforts to implement them.

As for research works, which mean conducting prior assessments for the success of a task, research must be conducted on practical implementation and used beneficially. It is necessary to always conduct research on what is practically applicable concerning education including industries, agriculture and livestock and manufacturing. All ministries are required to place emphasis on research.

In connection with spending budget allocation, it is important to spend allocated budgets for relevant sectors correctly and beneficially. Returning allocated budgets to surplus fund accounts amounts to losses for the country. If allocated budgets for various reasons cannot be spent within the allowed period, they must be returned early and only then, can they be transferred to other cases necessary for the country. It is necessary to mobilize funds beneficially to improve infrastructure, transportation and education and Healthcare services needed by the people. It is also important to take measures to prevent the abuse of allocated budget funds.

Security measures are being taken in respective regions and states. Doing so intends to monitor security situations and does not aim to place burden on the people. Although it is acceptable that inspection is conducted for security reasons, the flow of illegal goods and combat against narcotic drug, it is necessary to prevent illegally collecting fees. Responsible officials are required to supervise such action systematically.

Reasonable pay rates and benefits have been provided for government staff and security staff. Therefore, abuses of funds and collecting money by usurpation of authority must be eschewed. Businessmen are also required not to spoil security personnel and government employees by bribing them for personal interests. Accepting bribes, abusing funds and usurpation of authority can undermine not only the image of a strong government but also stability and peace of the country. Therefore, responsible officials are required to supervise all government staff to ensure that they are free from any wrongdoing.

It is important for a country to thrive economically and only then will its currency be strong. The government is required to take measures to strengthen the currency of the country and efforts must be made for strengthening the economy, improving the socio-economic lives of the people and stability and peace. At present, the government has taken the democratic path speedily and firmly. It is not fumbling with everything uncertainly but exerting efforts by applying its experience as best as possible and by adopting firm and precise objectives and visions. In conclusion, the President urged all responsible officials including the government to make concerted efforts for the success of tasks they are responsible for. The meeting came to an end. **Myawady**

Military columns eliminate so-called PDF terrorists using Ngalonetin Village as base to carry out terrorist acts on Monywa-Sagaing and ChaungU-Yesagyo communication routes

NAY PYI TAW June 9

Military columns today completely eliminated the so-called PDF terrorists who had forcibly entered Ngalonetin Village, located south of ChaungU town in Sagaing Region, beside the ChaungU-Yesagyo motor road, using armed force. They had been using residents' homes and religious buildings as a military base and employing local villagers as human shields to carry out terrorist acts by various means on the Monywa-Sagaing and ChaungU-Yesagyo communication routes.

The so-called PDF terrorists had forcibly entered Ngalonetin Village in ChaungU Township, Sagaing Region, using armed force. They built bunkers with sandbags in residents' homes, religious buildings, and schools, using them as a military base. While stationed there, they exploited local villagers as human shields and unlawfully arrested, tortured, and killed local residents from surrounding villages who did not support them, as well as monks and civil servants diligently performing their national duties.

Furthermore, the so-called PDF terrorists had been extorting tolls and arbitrarily arresting cargo trucks and passenger vehicles traveling on the Monywa-Sagaing and ChaungU-Yesagyo communication routes. These vehicles were transporting goods to facilitate the basic social and economic livelihoods of local residents. As a result, the flow of goods was disrupted, forcing locals to buy goods at high prices and live in insecurity and without peace of mind.

In accordance with its role as an institution that protects the lives, property, and wealth of the people, the military columns, with the cooperation of responsible local residents, carried out preparations and assembled necessary forces in ChaungU town. They launched a counter-terrorism operation to attack and eliminate the so-called PDF terrorists who had entered Ngalonetin Village, using it as a base. Starting from June 5, military columns conducted attacks. On June 6, they recaptured Hman Cho Village, which had been temporarily controlled by the terrorists. On June 8, they recaptured Gu Gyi Monastery and Sin Myay Village. Today, in the afternoon, they recaptured Ngalonetin Village and its surrounding areas. The so-called PDF terrorists fled in disarray with heavy casualties. From the terrorists, two bodies, four various weapons, one homemade fixed-wing drone, and related equipment were seized.

During the time the terrorists used Ngalonetin Village as a base, they built defensive bunkers with sandbags in religious buildings, schools, and homes, fired at military columns, planted mines on public communication routes, arrested local residents, and used human shields for protection while firing. Consequently, security forces acted with restraint and in accordance with the issued rules of engagement (ROE) to minimize damage to the public's property, homes, and religious buildings.

Local residents are grateful, happy, and proud that military columns have completely driven out the terrorists who had been using Ngalonetin Village as a base. The military columns are now making arrangements, together with local residents, to carry out rehabilitation work as quickly as possible, including clearing debris and mines left by the terrorists. Additionally, they are increasing security operations to ensure the public can live peacefully and with peace of mind. **100**



Military columns' recapture of Sin Myay Monastery, where terrorists had set up defensive positions.





The destruction caused by terrorists who used residents' homes, religious buildings, and schools as military bases.







Terrorists using residents' homes, religious buildings, and schools as military bases by constructing firing ranges and sandbag bunkers.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Chairman of National Water Resources Committee President U Min Aung Hlaing delivers speech at National Water Resource Committee meeting

NAY PYI TAW June 9

The National Water Resources Committee held its meeting at the meeting hall of the President's Office this afternoon, with an address by Chairman of National Water Resource Committee President U Min Aung Hlaing.

Also present at the meeting were Vice Chairman of the committee Union Minister for Transport U Mya Tun Oo, Committee member Union Ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the committee secretary, chairmen of City Development Committees in Yangon and Mandalay regions and officials together with chief ministers of regions and states through video conferencing.



President U Min Aung Hlaing delivers speech at National Water Resource Committee meeting.

In his opening speech, the President said that the **"National Water Resources Committee"** was reconstituted on 20 April 2026 with the President serving as its Chairman to ensure the effective and efficient utilization of the country's water resources, to carry out comprehensive nationwide management, and to support the development of the water sector, as well as to facilitate cooperation in regional and international water-related sectors.

The National Water Resources Committee is implementing 12 assigned functions. In particular, the committee is implementing the plans to ensure the efficient use of water resources and to address river water shortages caused by dry-season water scarcity and climate change. It is also working toward the drafting and enactment of a National Water Law. In addition, emphasis is being placed on implementing measures to reduce potential damage caused by water-related natural disasters, as well as on collecting water resource data necessary for the formulation of water resource development plans.

As part of its activities, the National Water Resources Committee has been able to widely and meaningfully organize the commemorative ceremony for **"World Water Day"**, which falls on 22 March each year, as well as related thematic discussions.

Water is one of the most essential natural resources for human beings and is directly linked to all aspects of social life. Therefore, in today's world, where water resources are being depleted and degraded due to the impacts of climate change, the conservation of water resources is crucial for sustainable development.

In Myanmar, including the four major rivers as well as other rivers and streams, large natural lakes, and wetlands, more than 800 million acre-feet of freshwater flow annually. However, only a small percentage of this flowing freshwater is being utilized for sectors such as agriculture, livestock, industry, and household water use. Therefore, there is significant potential for implementing water-related investments in order to make more efficient and effective use of water resources and to support national economic development. Accordingly, it is necessary to explore opportunities for conserving and utilizing freshwater resources through the construction of low dams, hydropower generation, urban and rural water supply systems, irrigation water supply, and the commercial production of water-related products.

The hydropower generation potential from the country's rivers and streams exceeds 100,000 megawatts. However, the currently generated hydropower capacity is only about 3,500 megawatts, meaning that only around 3.5 percent has been developed so far. Therefore, as hydropower is a renewable energy source that can provide significant benefits, efforts should be made to attract more investment in hydropower generation.

In agriculture, there are nearly 15 million acres of paddy cultivation across the country. While about 15 million acres can be cultivated during the monsoon season, only around 2.71 million acres are cultivated during the summer season. It is found that expanding cultivated acreage is not the main priority; rather, efforts should be focused on achieving successful cultivation within the existing cultivated areas. In some regions of the country, up to tripple cropping activities per year can be achieved, while in some areas double cropping ones are possible. In contrast, there are also areas where no multiple cropping is practised at all. In order to secure the necessary water resources for summer cultivation, food security for the country can be achieved if measures such as constructing check dams and small reservoirs, building underground dams in sandy streambeds, implementing solar-powered river pumping systems, and sinking tube-wells combined with solar pumping systems are carried out.

It is necessary to regularly inspect the structural integrity of dams constructed across the country, the condition of sedimentation, the state of catchment areas where water flows in, as well as spillways and drainage systems, and to continuously carry out necessary maintenance and repairs. In order to mitigate environmental impacts and conserve water resources, relevant ministries and regional and state governments must coordinate and cooperate in their implementation. Forest fires and slash-and-burn cultivation fires can also adversely affect the environment, including watershed areas. Therefore, awareness-raising, prevention, and protective measures should be implemented through region- and state-level action plans.

It is necessary to accelerate the implementation of annual plans to ensure water availability in villages in the Sagaing, Mandalay and Magway regions, where drinking water and irrigation water are scarce during the summer season. In some areas of certain regions and states, drinking water shortages still occur before the arrival of the summer rains. In view of this, households in all regions and states, including lower Myanmar and coastal areas where rainfall is abundant, should collect and store rainwater on a small scale at the household level. Preparations must be made in advance at the ward and village levels to ensure year-round water sufficiency. Furthermore, the water supply challenges and proposed solutions in each respective region and state must be discussed in this meeting.

At present, due to the impacts of global climate change processes, natural disasters such as rising temperatures, irregular rainfall patterns, storms, floods, landslides, droughts, water scarcity, and earthquakes are being experienced in various parts of the world. In addition, since there is a high possibility of an El Niño event occurring this year, from mid-2026 to mid-2027 there may be extreme heat and drought conditions. Therefore, preparations must be made in advance starting now to prevent and mitigate these impacts.

Between 1950 and 2026, there have been years in which strong El Niño events and even very intense El Niño events occurred. During those periods, most regions in the country experienced new record-high temperatures, as well as droughts and drinking water shortages.

Due to the moderate El Niño event that occurred in 2009-2010, twenty meteorological stations recorded new all-time high temperatures in May 2010. A record high temperature of 47.2°C was recorded in Myinmu Township, Sagaing Region, which at that time also became the highest temperature ever recorded in Myanmar. In 2024, in line with the fact that it was the hottest year globally, Myanmar also experienced new record-high temperatures in April. Temperatures rose to between 45°C and 48.2°C, setting new records in Chauk, Mandalay, and NyaungU areas. Notably, the residual cloud systems of Typhoon "Yagi" crossed central Myanmar as a low-pressure disturbance, resulting in heavy rainfall on 11 and 12 September, with some localized areas experiencing record-breaking rainfall.

Developing nations like ours face heightened vulnerability to climate change, making it essential to plan and implement adaptation strategies ahead of time.

Ministries, regions, states, and

See Page - 22


Commander- in-Chief of Defence Services General Ye Win Oo receives delegation led by Deputy Chief of General Staff of Lao People's Army Major General Vanhthong BOUDTAVONG

NAY PYI TAW June 9

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Deputy Chief of General Staff of Lao People's Army Major General Vanhthong BOUDTAVONG at the parlour of Zeyarthiri Beikman in Nay Pyi Taw this morning.

Also president together with the Commander-in-Chief of Defence Services were Commander-in-Chief (Navy) Admiral Htein Win and senior military officers from the Office of the Commander-in-Chief and the Deputy Chief of General Staff of the LPA was accompanied by deputy director Colonel Mixay PHENGSAVATH of the international relations department of the LPA, Lao military attaché to Myanmar Colonel Viphaxay CHANTHAMATH and officials.

During the call, they frankly discussed potentials for further strengthening of friendly relations and cooperation between Myanmar and Laos and the two armed forces, development of bilateral diplomatic and military ties and relations with members of the ASEAN, close cooperation in regional development as members of four CLMV countries including Cambodia, Laos, Myanmar and Vietnam, Greater Mekong Subregion, Ayeyawady-Chao Phara-Mekong Economic Cooperation Strategy, goodwill visit between the two armed forces, exchange of visits of cultural troupes, sport s teams and trainees, boosting security and stability in border areas of the two countries including the Mekong, thanks for sending aids and relief teams by Laos to Myanmar on the humanitarian ground for damage caused by the Mandalay Earthquake on 28 March, 2025, Myanmar's good neighbourliness and abidance of the five principles peaceful coexistence, latest developments in Myanmar or realization of the will of the people by the democratically elected government, positive measures and progress, balanced relations with the international community including good neighbours and the ASAEN in accordance with the active and non-align foreign policy and safeguarding "Our Three Main National Causes" by the Tatmadaw as a national responsibility under the leadership of the government before exchanging gifts and posing for documentary photographs with attendees. **100**



Commander-in-Chief of Defence Services General Ye Win Oo receives Major General Vanhthong BOUDTAVONG,Deputy Chief of the General Staff of the Lao People's Army.

●● From Page - 21

organizations must proactively account for the potential impacts of natural disasters when constructing infrastructure such as roads, bridges, and residential buildings. We further call on the relevant ministries to strengthen research aimed at reducing the effects of water-related disasters and to provide support for effective disaster management.

Efforts must be directed toward the effective use of freshwater resources across key sectors, including agriculture, drinking water, and industry. He expressed hope that committee members would address issues such as reducing water pollution and environmental damage, overcoming water-related challenges, and preparing for natural disasters linked to water during today's meeting. He urged the National Water Resources Committee to continue advancing the water sector for the benefit of the state and its people, and to implement comprehensive water resource management in a systematic manner.

The Vice Chairman of the National Water Resources Committee then presented an overview of the Committee's establishment, objectives, responsibilities, and implementation activities. Following this, the Committee Secretary briefed participants on the Committee's water-related initiatives, progress in improving water access, and plans for future implementation.

Following this, Union Ministers, the Chairman of the Nay Pyi Taw Council and other officials, Chief Ministers of Regions and States, and Mayors presented reports and held discussions on water-related initiatives, water resource development projects, international cooperation in the water sector, water quality monitoring and testing activities, river water pumping operations, and the current status of drinking water and irrigation water supply. They also outlined the conditions, challenges, and requirements necessary for the continued implementation of water resource development activities.

In response to the presentations, the President emphasized the importance of instilling an understanding of the value of water from an early age. He noted that water pollution is often caused by the improper disposal of waste and stressed the need for teachers to guide and educate students and young people on proper waste management practices. He further urged educators to cultivate a sense of responsibility among students and youth so that they develop the habit and mindset of disposing of waste properly.

The country must ensure an adequate supply of water, particularly for agricultural activities, which are vital to national development. To achieve this, sufficient water resources should be secured through river water diversion projects utilizing major rivers such as the Ayeyawady, Sittaung, Thanlwin, and Chindwin. It is essential to guarantee adequate water for both drinking and agricultural purposes. Efforts must also be made to conserve and efficiently utilize water from rivers, streams, irrigation systems, and rainfall. A culture of systematic and effective water use should be fostered among the public. In addition, relevant ministries should conduct research and implement measures to ensure the availability, conservation, and sustainable management of clean water resources.

In implementing rural development activities through cooperatives, it is essential to ensure that all villages have adequate access to both drinking water and water for agricultural purposes. Existing water resources should be utilized efficiently, systematically, and for the greatest benefit of local communities. It is also a national responsibility to conserve and protect Indawgyi Lake and Inle Lake, which are recognized as valuable natural heritage sites of Myanmar and the world. In addition, watershed forests and dams must be systematically conserved and maintained to ensure long-term water security. In water-scarce areas, efforts should be made to harvest and store rainwater and to make effective use of groundwater resources. As tree planting requires considerable time, effort, and investment, priority should be given to planting suitable tree species that contribute to the conservation and sustainability of water resources.

During the general discussion session, the Vice Chairman of the National Water Resources Committee elaborated on matters related to the systematic management and utilization of water resources, as well as measures for the prevention and mitigation of natural disasters.

The President, who also serves as Chairman of the National Water Resources Committee, stated that a clear distinction must be made between issues related to water resources and those concerning natural disasters. He emphasized that, in the context of water resources, priority should be given to ensuring adequate access to water. He also noted the need to distinguish between matters that require action at the Union level and those that fall under the responsibility of state and regional governments, stressing that state and regional administrations should take prompt and decisive action on issues within their jurisdiction. Furthermore, he highlighted the importance of reviewing, revising, and drafting the National Water Resources Law to ensure that it is aligned with the country's current needs and circumstances.

In his concluding remarks, the President stated that the issues presented at the meeting had been thoroughly discussed and that the key decisions and recommendations should be effectively implemented. He noted that weather-related challenges continue to pose difficulties and emphasized the need to carry out relevant tasks in a timely manner. He further stressed that the respective working committees and leading committees should continue implementing established policies and make necessary preparations to respond to potential weather-related situations that may arise in the country. In addition, he underscored the importance of paying close attention to matters requiring action at both the Union and regional levels. Following his remarks, the meeting was adjourned.

Myawady

စစ်မဟုတ်၊ ငြိမ်းချမ်းရေးမဟုတ်တဲ့အခြေအနေကြားက အမေရိကန်စစ်သည်တို့ရဲ့ဘဝ



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ကို တိုက်ခိုက်ဖို့အမိန့်ပေးပြီးနောက် သီတင်းပတ် ၁၄ ပတ်အကြာမှာတော့ အမေရိကန်ရဲ့တပ်ဖွဲ့တွင်းမှာ ထူးခြားတဲ့ ပဋိပက္ခအခြေအနေတစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒါကတော့ အမေရိကန်နဲ့အီရန်တို့ကြား အလုံးစုံစစ်ပွဲဖြစ်ပွားနေတာမျိုးလည်း မဟုတ်သလို ငြိမ်းချမ်းရေးရနေတာမျိုးလည်းမဟုတ်တဲ့ အခြေအနေတစ်ခုပါ။ အရှေ့အလယ်ပိုင်းက စစ်သဘော်တွေနဲ့ စစ်အခြေစိုက်စခန်းတွေမှာရှိတဲ့ အမေရိကန်စစ်သည်တွေဟာ ရက်အနည်းငယ်ခြားတစ်ခါ ဆိုသလို အီရန်နဲ့အပြန်အလှန်ပစ်ခတ်မှုတွေကြားထဲမှာ တာဝန်ထမ်းဆောင်နေရပါတယ်။ တစ်ဖက်မှာလည်း အမေရိကန်ရေတပ်က အီရန်ဆိပ်ကမ်းတွေကို ပိတ်ဆို့ထားပါတယ်။

အမေရိကန်ပြည်တွင်းမှာဆိုရင်လည်း ပင်တဂွန်စစ်ဌာနချုပ်က ကုန်ခန်းလုနီးပါးဖြစ်နေတဲ့ ခဲယမ်းမီးကျောက်ထုတ်လုပ်မှုတွေကို အပြင်းအထန်တိုးမြှင့်နေရပြီး စစ်သည်မိသားစုတွေကတော့ သက်ဆိုင်သူတွေရဲ့တာဝန်ထမ်းဆောင်ရက် သက်တမ်းတိုးလာတာကြောင့်ဖြစ်ပေါ်လာတဲ့ စိတ်ဖိစီးမှုတွေကိုရင်ဆိုင်နေကြရပါတယ်။ အီရန်ရဲ့တန်ပြန်တိုက်ခိုက်မှုတွေက ဘာရိန်းနဲ့ကူဝိတ်လို ဒေသတွင်းရှိ အမေရိကန်မဟာမိတ်တွေအပေါ်ဆက်ရှိနေဆဲဖြစ်ပြီး ဇွန်လ ၅ ရက်ကဆိုရင် အီရန်က ကူဝိတ်ကို အမြင့်ပျံဒုံးကျည်များနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

ဧပြီလတုန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နဲ့အပစ်အခတ်ရပ်စဲကြောင်း ကြေညာထားပေမယ့် စစ်ပွဲကတော့ ရှေ့မတိုးနောက်မဆုတ်အခြေအနေမှာသာရှိနေပါတယ်။ အီရန်က ဟော်မုဇရေလက်ကြားကို သင်္ဘောတွေသွားလာလို့မရအောင် ပိတ်ဆို့ထားဆဲဖြစ်ပြီး ထရမ့်ကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားသွားရင် အီရန်ကိုဗုံးကြဲတိုက်ခိုက်မှုအကြီးအကျယ်ပြန်လုပ်မယ်လို့ခြိမ်းခြောက်ထားပါတယ်။ ဒီလိုခြိမ်းခြောက်မှုတွေကြောင့် အမေရိကန်စစ်သည်တွေဟာ အမြဲတမ်းအသင့်အနေအထားနဲ့ ရှိနေကြရပါတယ်။ ဒါဟာ စစ်အခြေစိုက်စခန်းတွေမှာ တိုက်ခိုက်ရေးဒုံးကျည်တွေနဲ့ ကြားဖြတ်ဒုံးကျည်တွေကိုဖြည့်တင်းထားဖို့တင်မကဘဲ စစ်ပွဲကြီးပြန်ဖြစ်လာခဲ့ရင်တိုက်ခိုက်ရမယ့် အီရန်နိုင်ငံထဲက ပစ်မှတ်တွေကို အမြဲတမ်းနောက်ဆုံးအခြေအနေနဲ့အညီဖြစ်အောင် ဒရုန်းတွေ၊ ဂြိုဟ်တုတွေကတစ်ဆင့် ထောက်လှမ်းရေးသတင်းတွေကို အမြဲစောင့်ကြည့်နေရတာကို ဆိုလိုတာပါ။

“အဆင့် ၁၀ ရှိတဲ့ အမြင့်ဆုံးသတိပေးချက်အနေအထားကိုအမြဲထိန်းထားဖို့နဲ့ အချိန်မရွေးအမိန့်ပေးတာနဲ့ ချက်ချင်းတိုက်ပွဲဝင်နိုင်ဖို့ အသင့်ပြင်ထားရတာဟာ စိတ်ဖိစီးမှုအလွန်များပြီး ခက်ခဲတဲ့စစ်ဆင်ရေးတာဝန်တစ်ခုပါ”လို့ အမည်မဖော်လိုတဲ့ အမေရိကန်အရာရှိတစ်ဦးကပြောပါတယ်။ အမေရိကန် အလယ်ပိုင်းဒေသစစ်ဌာနချုပ်မှူးဟောင်း ဂျိုးဇက်ဗိုတဲကလည်း လက်ရှိစစ်ပွဲအဆင့်ကို အမေရိကန်အတွက် အလွန်အန္တရာယ်များတဲ့ကာလတစ်ခုလို့ပြောထားပါတယ်။ အပစ်အခတ်ရပ်စဲထားချိန်မှာ စစ်သည်တွေကို အမြဲတမ်းအသင့်အနေအထားရှိနေအောင် ထိန်းထားဖို့ဆိုတာ မလွယ်ကူတဲ့စိန်ခေါ်မှုတစ်ခုလို့သူက ဆိုပါတယ်။ “ဒါဟာ စစ်သည်တွေရဲ့ စိတ်ဓာတ်ကို အမြဲတမ်းထက်မြက်စေဖို့ ခေါင်းဆောင်တွေအပေါ် ဖိအားအများကြီး သက်ရောက်စေပါတယ်” လို့ ဗိုတဲကပြောပါတယ်။

စစ်သည်များနှင့် မိသားစုများအပေါ် သက်ရောက်မှု

ဒဏ်ရာကနေပြန်လည်သက်သာလာတဲ့ စစ်သည်တွေအတွက်တော့ စစ်ပွဲကာလရှည်ကြာတဲ့အပေါ် လိုက်လျောညီထွေဖြစ်အောင် တော်တော်လေးကို ကြိုးစားနေကြရပါတယ်။ အသက် ၃၇ နှစ်အရွယ် အမေရိကန်ကြည်းတပ် အရန်တပ်ဖွဲ့မှ တပ်ကြပ်ကြီး ကော်ရီဟစ်ဟာ စစ်ပွဲအစပိုင်းတုန်းက အီရန်ရဲ့ဒရုန်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့ပြီး မိနစ်ပိုင်းလောက် သွေးခုန်နှုန်းရပ်သွားခဲ့တဲ့အထိ ဖြစ်ခဲ့သူပါ။ ဗုံးစမှန်တာကြောင့် သွေးလွှတ်ကြောပြတ်ပြီး မေးရိုးကျိုးသွားတဲ့အပြင် ပြင်းထန်တဲ့ဦးနှောက်ဒဏ်ရာကိုလည်း ခံစားခဲ့ရလို့ တစ်သက်လုံး ဒုက္ခတလိုဖြစ်သွားနိုင်တဲ့ အခြေအနေမျိုး ရှိနေပါတယ်။ “ဒရုန်းက ပန်ကာတပ်လေယာဉ်ငယ်တစ်စင်း မြန်မြန်မောင်းလာသလိုမျိုး အသံကြားလိုက်ရတယ်။ ပြီးတော့ အဆောက်အအုံကိုဝင်ဆောင့်ပြီး ပေါက်ကွဲသွားတော့တာပဲ။ မှတ်မိသလောက်တော့ မီးလုံးကြီးရယ်၊ ကြီးမားတဲ့ ဖိအားနဲ့ အပူရှိန်ရယ်ပဲ။ ပြီးတော့ ကျွန်တော် သတိလစ်သွားတယ်” လို့ သူကဆိုပါတယ်။

ဒီလိုအခြေအနေသစ်နဲ့ ရင်ဆိုင်နေရတာဟာ ဟစ်တစ်ယောက်တည်း မဟုတ်ပါဘူး။ သူဆေးကုသမှုခံယူနေတဲ့ မေရီလန်းပြည်နယ်က ဝေါတာရီစစ်ဆေးရုံမှာဆိုရင် အာဖဂန်နစ္စတန်နဲ့ အီရတ်စစ်ပွဲတွေပြီးတဲ့ အချိန်ကတည်းက နှစ်ပေါင်းများစွာကြာမှ တိုက်ပွဲဝင်ဒဏ်ရာရလူနာတွေ အများကြီး ပြန်လည်ရောက်ရှိလာတာကို ကိုင်တွယ်နေရတယ်လို့ ဟစ်ကပြောပါတယ်။ ဒီပဋိပက္ခအတွင်းမှာ အမေရိကန်စစ်သည် ၄၀၀ ခန့် ဒဏ်ရာရရှိပြီး အများစုကတော့ ဟစ်လိုပဲ ဦးနှောက်ဒဏ်ရာရရှိခဲ့ကြတာပါ။ သူတို့ထဲကမှ ၉၀ ရာခိုင်နှုန်းကျော်ဟာ တာဝန်ထမ်းဆောင်ဖို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ပြီး စစ်သည် ၁၃ ဦး သေဆုံးထားတယ်လို့ အမေရိကန်စစ်ဘက်ကထုတ်ပြန်ထားပါတယ်။

စစ်သည်မိသားစုတွေကလည်း အပစ်အခတ်ရပ်စဲထားချိန်မှာ ဘာတွေဖြစ်ပျက်နေလဲဆိုတာ သဲသဲကွဲကွဲမသိရဘဲ စိတ်ဖိစီးမှုတွေနဲ့ရင်ဆိုင်နေရပါတယ်။ အီရန်အစိုးရမီဒီယာတွေကတော့ အမေရိကန်စစ်သင်္ဘောတွေနဲ့ လေယာဉ်တွေကိုတိုက်ခိုက်ခဲ့တယ်ဆိုပြီး ပုံမှန်သတင်းထုတ်လွှင့်နေပါတယ်။ ဇွန်လ ၅ ရက်ကလည်း အိုမန်ပင်လယ်ကွေ့မှာရှိတဲ့ အမေရိကန်စစ်သင်္ဘောတွေကို သတိပေးပစ်ခတ်ခဲ့တယ်လို့ အီရန်ကပြောထားပေမယ့် အမေရိကန်စစ်ဘက်ကတော့ အဲဒါကို ငြင်းဆိုထားပါတယ်။ “ဘာတွေအတိအကျ ဖြစ်ပျက်နေလဲဆိုတာ အသေးစိတ်မသိရတာက တကယ့်ကို ကြောက်စရာကောင်းပါတယ်” လို့ ကယ်လီဖိုးနီးယားပြည်နယ်ဆန်ဖရန်စိဒိုတောင်ကြားရှိကြည်းတပ်အရန်တပ်ဖွဲ့ဝင်တပ်ကြပ်ကြီးတစ်ဦးရဲ့မိခင် ယာဒီရာဒီစိန့်က ပြောပါတယ်။

ယာဒီရာဒီစိန့်ဟာ စစ်ပွဲတွေရပ်တန့်ဖို့အတွက် ဆန္ဒပြပွဲတွေမှာပါဝင်ခဲ့ဖူးပြီး ဒီစစ်ပွဲကြောင့်ပဲ ထရမ့်ရဲ့ လူထုထောက်ခံမှုနှုန်းကျဆင်းခဲ့ရတာပါ။ ပြီးခဲ့တဲ့ မေလက Reuters နဲ့ Ipsos တို့ရဲ့ လူထုသဘောထားစစ်တမ်းကောက်ခံမှုမှာ စစ်တမ်းဖြေဆိုသူလေးဦးအနက်တစ်ဦးကသာ အမေရိကန်ရဲ့ အီရန်အပေါ် စစ်ရေးအရ အရေးယူမှုကို ထောက်ခံခဲ့ကြပါတယ်။ ယာဒီရာဒီစိန့်ရဲ့ပြောဆိုမှုအရဆိုရင် သူ့သားရှိတဲ့ နေရာဟာ အီရန်ရဲ့ဒရုန်းတွေနဲ့ အကြိမ်ကြိမ် တိုက်ခိုက်တာခံရပြီး လေကြောင်းရန်ကာကွယ်ရေးစနစ်က ကြားဖြတ်ပစ်ချလိုက်တဲ့ ဒရုန်းအပျက်အစီးတွေဟာ သားဖြစ်သူရဲ့ ဘေးပတ်လည်ကို ကျရောက်တယ်လို့ဆိုပါတယ်။ “ကျွန်မကတော့ နေ့တိုင်းစာပို့ဖြစ်တယ်။ ‘မင်္ဂလာပါ သားလေး။ အမေ သားကိုချစ်တယ်’ ဆိုတာမျိုးပေါ့။ တစ်ခါတလေကျမှသာ ‘သားလည်း အမေ့ကိုချစ်ပါတယ်’ ဒါမှမဟုတ် ‘အမေ့ကို သတိရတယ်’ ဆိုတဲ့စာမျိုး ပြန်ရတတ်တယ်” လို့ သူက ပြောပါတယ်။

ဆက်ရှိနေဦးမယ့် ခြိမ်းခြောက်မှုများ

ကမ္ဘာ့ရေနံတင်ပို့မှုပမာဏ ၂၀ ရာခိုင်နှုန်း ဖြတ်သန်းနေတဲ့ ဟော်မုဇရေလက်ကြားကို ပြန်ဖွင့်နိုင်ဖို့ အမေရိကန်နဲ့အီရန်တို့ကြား ဆွေးနွေးနေကြပေမယ့် ရရှိလာမယ့် သဘောတူညီချက်တိုင်းက အပစ်အခတ်ရပ်စဲရေးကိုပဲသက်တမ်းတိုးစေမှာဖြစ်ပြီး အီရန်နိုင်ငံရဲ့ နျူကလီးယားအစီအစဉ်လိုမျိုး အခက်ခဲဆုံးပြဿနာတွေကိုတော့ ရွှေ့ဆိုင်းထားမယ့်သဘောရှိနေပါတယ်။ ဒါကတင်းမာတဲ့ စစ်ရေးအရရင်ဆိုင်နေရမှုတွေနဲ့ အမေရိကန်တပ်မတော်အပေါ် ဖိအားတွေဆက်ရှိနေဦးမယ်ဆိုတာကို ပြသနေတာပါ။ စစ်ပွဲကြောင့် ခဲယမ်းမီးကျောက်အမြောက်အများကို သုံးစွဲခဲ့ရတာဟာ စစ်ဆင်ရေးတွေအပေါ် သက်ရောက်မှုရှိနေကြောင်း ထင်ရှားပါတယ်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးပိဟက်ဆက်ကတော့ ကုန်ဆုံးသွားတဲ့တိုက်ခိုက်ရေးဒုံးကျည်တွေနဲ့ ကြားဖြတ်ဒုံးကျည်တွေကို အပြည့်အဝပြန်လည်ဖြည့်တင်းဖို့အတွက်နှစ်ပေါင်းများစွာ ကြာနိုင်တယ်လို့ ပြောပါတယ်။

ဝါရှင်တန်ဒီစီက မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာရဲ့ ဒုံးကျည်ကာကွယ်ရေးစီမံကိန်းညွှန်ကြားရေးမှူး တွမ်ကာရာကိုကတော့ ကုန်ခန်းသွားတာဟာ လက်နက်စာရင်းတင်မဟုတ်ဘူးလို့ ဆိုပါတယ်။ “စစ်ပွဲတွေက ကုန်ကျစရိတ်များပါတယ်။ သူတို့ဟာ ပစ်ခတ်လိုက်တဲ့ ဒုံးကျည်တွေတင်မကဘဲ စစ်လက်နက်ပစ္စည်းတွေနဲ့ လူတွေကိုပါ တဖြည်းဖြည်းပြုန်းတီးစေတာပါ” လို့ သူက ပြောပါတယ်။ မေရီလန်းပြည်နယ်မှာရှိနေတဲ့ ဟစ်ကတော့ သူ့ရဲ့ဘော်ရဲဘက်တွေနဲ့ အဆက်အသွယ်ရှိနေဆဲဖြစ်ပြီး စစ်ပွဲကြာလာတာနဲ့အမျှ တာဝန်ထမ်းဆောင်ရက်တိုးလာလို့ စိတ်ပျက်နေကြတဲ့ စစ်သည်အချို့လည်း ရှိနေတယ်လို့ဆိုပါတယ်။ “အခုတော့ တိုက်ပွဲတွေလျော့နည်းသွားလို့ ခြိမ်းခြောက်မှုကတော့ အရင်လောက်မဆိုးတော့ဘူး” လို့ သူကပြောပါတယ်။

ဒါပေမဲ့ ဟစ်ရဲ့ စိတ်ထဲမှာတော့ သူကိုယ်တိုင် ဒဏ်ရာရခဲ့တဲ့ ကူဝိတ်တိုက်ခိုက်မှုတုန်းက သေဆုံးသွားခဲ့ရတဲ့ အသက် ၃၉ နှစ်ရှိတပ်ကြပ်ကြီး နီကိုးအေမောအပါအဝင် သူ့ရဲ့ ရဲဘော်ဖြေယောက်ရဲ့ အမှတ်တရတွေ ရှိနေဆဲပါ။ “ဒရုန်းလာမှန်တဲ့အချိန်တုန်းက ကျွန်တော် တပ်ကြပ်ကြီး အေမောနဲ့ စကားပြောနေတာ။ သူက ကျွန်တော်နဲ့ ၁၀ ပေလောက်ပဲ ဝေးတဲ့နေရာမှာရှိနေခဲ့တာပါ။ ဒါဟာ ကျွန်တော့်လက်ကျန်တစ်ဘဝလုံး ရင်ဆိုင်သွားရမယ့် စိတ်ဒဏ်ရာတစ်ခုပါ” လို့ ဟစ်က ရင်ဖွင့်သွားခဲ့ပါတယ်။ ။

Ref: ST

ထက်မြတ်

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

ဤစကား ထွက်လာစေချင်သဖြင့် အကွက်ဆင်လိုက်သည်၌ ဤစကားဖြင့် ထွက်လာသောအခါ ကျွန်ုပ်က "လူပင်ပန်းတာက တော်တော်ပါပဲ အမှီရယ်၊ စိတ်ပင်ပန်းတာကတော့ တစ်ခါတစ်ခါများ ရှူးသွားမလားထင်မိတယ်။ ဂျပန်က တစ်ဖက်၊ ဗမာစစ်သားတွေက တစ်ဖက်၊ မြို့သူမြို့သားတွေက တစ်ဖက်နဲ့ အဘက်ဘက်က ချောမောအောင်စေ့စပ်ရတာဟာ ဂျပန်ကလည်း ဗမာကို နားမလည်၊ ဂျပန်ကိုလည်း ဗမာက နားမလည်။ အရေးထဲမှာ ဂျပန်ကိုကပ်ပြီး အခွင့်အရေးတောင်းချင်တဲ့လူတွေကတစ်မျိုးနဲ့ ကြာရင် ဦးနှောက်ခြောက်သွားမလားပဲ။ ပိုပြီးဆိုးတာကတော့ ကင်ပေတိုင်နဲ့တွဲပြီး လုပ်ရတဲ့အလုပ်တွေပဲအမှီ။ တစ်ခါတစ်ခါ ကိုယ့်မျက်စိရှေ့မှာ ဗမာကို ဂျပန်က နှိပ်စက်နေတာကိုမြင်ရတာဟာ စစ်သွေး စစ်စိတ် ဘယ်လိုပဲမွေးပေမယ့် အမျိုးသားစိတ်ဓာတ်နဲ့ သည်အတိုင်း မကြည့်ချင်မနေရ၊ မစစ်ချင်မနေရဖြစ်နေလေတော့ အေးလေ ဖြစ်မိတဲ့ဘဝမို့သာ ဆက်ပြီး ဒီအလုပ်ကို လုပ်နေတယ်။ စိတ်ကတော့ မချမ်းသာလှဘူး။ အေးအေးဆေးဆေးနဲ့ သူများတွေလို ကုန်သွယ်လယ်လုပ် လုပ်ချင်တဲ့စိတ်ပဲ ရှိနေတော့တယ်အမှီ။ အဟုတ်ပဲ၊ တန်ခိုးအာဏာပါဝါတွေ လက်ကိုင်ရပေမယ့် အမြင်တော့ ဗိုလ်ကြီးကျော်ခေါင်၊ ဗိုလ်ကြီးကျော်ခေါင်နဲ့ လူတိုင်းအထင်ကြီးကြတယ်။ နောက်ကွယ်မှာ စိတ်ဆင်းရဲရတာတွေကိုတော့မသိကြဘူးပေါ့။ ကိုင်း ... စကားလည်းကောင်းရဲ့ အမှီ၊ အစ်ကိုကံကောင်းလမ်းကြုံလို့ဝင်လာတာ။ ဦးလေးတို့မရှိရင် ပြန်လိုက်ဦးမယ်၊ ညပိုင်းကျမှ အစ်ကိုကံကောင်း အချိန်ရရင်လာခဲ့ဦးမယ်" ဟု ပြောပြောဆိုဆို ထိုင်ရာမှထကာ စားပွဲပေါ်၌ ချွတ်၍တင်ထားသော ဓားရှည်ကို ခါး၌ ပြန်ချိတ်ရ၏။ အမှီလည်း ဖန်ခွက်ကလေးကိုကိုင်ရာက "အို ... ထမင်းစားပြီးမှ ပြန်ပါလားအစ်ကိုကံကောင်းရယ်၊ အချူးအခပ် ခိုင်းလိုက်တော့မလို့ဟာ" ဟု ပျာပျာသလဲတားရှာ၏။ သို့သော် ကျွန်ုပ်က ဇွတ်ငြင်း၍ အိမ်ပေါ်မှ နှုတ်ဆက်ကာ ဆင်းခဲ့ပေသည်။

ထိုသို့ရုတ်တရက် ဆင်းခဲ့သည်မှာလည်း ပရိယာယ်တစ်ရပ်ပင်ဖြစ်၏။ စစ်ထဲ၌ ကျွန်ုပ်မပျော်ကြောင်းကို အစဖော်ပေးပြီးနောက် ဆက်၍စကားပြောနေပါက အမှီ၏စိတ်မှာ ဆက်၍ပြောသောစကားများကိုသာ ရောက်သွားပေမည်။ ယခုမူ စကားတန်းလန်းနှင့် ထမင်းမျှ အချိန်မှန်မစားနိုင်အောင် စိတ်ဒုက္ခရောက်ပုံကို တစ်ပိုင်းတမျှသာ အသိပေးကာ ထားပစ်ခဲ့သောအခါ အမှီသည် ကျွန်ုပ်အစဖော်ပေးခဲ့သောအတွေးကို ဆက်လက်၍ တွေးမည်ဖြစ်၏။ ကျွန်ုပ်၏ပါးစပ်မှ ကျွန်ုပ်စိတ်မချမ်းသာပုံကို စာတစ်အုပ်ဖြစ်လောက်အောင် ခရေစေ့တွင်းကျပြောပြသည်ထက် အမှီအား သူ့ဘာသာသူ တွေးယူစေခြင်းက ပို၍ထိရောက်နိုင်ပေသည်။

"ဂျပန်က တစ်ဖက်၊ ဗမာစစ်သားတွေက တစ်ဖက်၊ မြို့သူ မြို့သားတွေက တစ်ဖက်နဲ့ အဘက်ဘက်က ချောမောအောင်စေ့စပ်ရတာဟာ ဂျပန်ကလည်း ဗမာကို နားမလည်၊ ဂျပန်ကိုလည်း ဗမာက နားမလည်။ အရေးထဲမှာ ဂျပန်ကိုကပ်ပြီး အခွင့်အရေးတောင်းချင်တဲ့လူတွေကတစ်မျိုးနဲ့ ကြာရင် ဦးနှောက်ခြောက်သွားမလားပဲ။ ပိုပြီးဆိုးတာကတော့ ကင်ပေတိုင်နဲ့တွဲပြီး လုပ်ရတဲ့အလုပ်တွေပဲအမှီ။ တစ်ခါတစ်ခါ ကိုယ့်မျက်စိရှေ့မှာ ဗမာကို ဂျပန်က နှိပ်စက်နေတာကိုမြင်ရတာဟာ . . "

ထို့ကြောင့် ကျွန်ုပ်သည် ရေတစ်ခွက်ကိုသာသောက်၍ ထွက်ခဲ့ခြင်းဖြစ်၏။ အမှီကား ကျွန်ုပ်၏အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ စိတ်ကူးပေါက်တိုင်းတွေး၍ ကျန်ရစ်ခဲ့ပေတော့မည်။

တုံးတိတိရေးရလျှင် ကျွန်ုပ်သည် အမှိတို့နှင့်အတူ သူတို့မြို့သို့ လိုက်သွားလို၏။ အမှီ၏ အစ်ကိုကြီးအဖြစ်နှင့် မောင်ညိမ်းအောင်၏နည်းတူ စတိုင်ကျကျနေလို၏။ အဘိုးဦးနကီ၏လုပ်ငန်းကိုလည်း ကိုယ်ထိလက်ရောက် အတွင်းပိုင်းမှဝင်၍ ခြယ်လှယ်လို၏။ သို့သော် ထိုအခြေကိုရောက်ချင်ကာမျှဖြင့် ရောက်ပါရစေဟုဆိုလျှင် ဦးဒေါနက လက်ခံမည်မဟုတ်။ သေချာ၏။ အခွင့်အလမ်းဆိုသည်မှာ သူ့ဟာသူ ပေါ်သောအခါပေါ်၏။ အခွင့်အလမ်း ဘာသာအလျောက် မပေါ်သော်လည်း ကိုယ်ကလမ်းခင်း၍ ရေလာမြောင်းပေး လုပ်လျှင် အခွင့်အလမ်းသည် မြန်မြန် ပေါ်တတ်၏။ အခွင့်အလမ်းပေါ်အောင် အစဖော်ပေးရသည့် လမ်းခင်းအတတ်ပညာမှာကား အလွန်နုနယ်သိမ်မွေ့ပေသည်။ ဘုန်းကြီးကျောင်းမှ ဖော်လံဖား ပညာအခြေခံရခဲ့သောကြောင့် ကျွန်ုပ်သည် အမှီကို စကားရိပ်ပေးခဲ့ခြင်းအားဖြင့် အတွေးစကိုဖော်ပေးခဲ့သည်။ ထိုအတွေးစ၏အစအဆုံးဦး မီးခိုးကြွက်လျှောက်လိုက်ပါက အမှီထံမှတစ်ဆင့် ကျွန်ုပ်၏ဆန္ဒသည် ဦးဒေါနထံရောက်လျှင် အသက်သခင်ကျေးဇူးရှင် ဖြစ်နေသောကြောင့် ဦးဒေါနသည် ကျွန်ုပ်အတွက် တစ်ခုခုကို မစီမံဘဲ မနေနိုင်။ ထို့ပြင် ကျွန်ုပ်၏ပါးစပ်ကပြောသည်ထက် အမှီ၏ပါးစပ်ကပြောသည့်စကားမှာ ဦးဒေါနအပေါ်တွင် ပို၍စူးရှပေမည်ဖြစ်ရာ ဦးဒေါနသည် ကျွန်ုပ်အား ပစ်စလက်ခတ်လုပ်ရန် ပို၍ခက်ခဲပေလိမ့်မည်။ ထိုအခါတွင် ကျွန်ုပ်သည် ဦးဒေါနတို့နှင့် တစ်နည်းမဟုတ် တစ်နည်း နီးကပ်နိုင်ကောင်းစရာရှိ၏။ ကိုယ့်အခွင့်အလမ်းကို ကိုယ်ဖော်ရာ၌ အတော်စွန့်ရ၏။ ဦးဒေါနတို့ကို ကယ်ဆယ်ခဲ့စဉ်က နောင်အခါ၌ ဆေးဖော်ကြောဖက်မလုပ်လျှင် တစ်နည်းကြံမည်ဟူ၍ လောလောဆယ် လက်စားချေနိုင်ခွင့်ကို စွန့်ခဲ့၏။ စားလိုလျှင် စွန့်ရပေသည်။ မစွန့်က မစားရပေ။ ယခုတစ်ဖန် အမှီကို စကားသွင်းခဲ့ပြီးနောက် အမှီက ဦးဒေါနအား ဘာမှပြန်မပြောလျှင် မခက်ပါလော ဟူသော သံသယပေါ်လာပြန်၏။ သို့သော် မခွန့်စားကမစားရသောထုံးကြောင့် ယခုချဉ်းကပ်နိုင်ခွင့်မပေါ်ပါက တစ်နည်းကြံမည်ဟုတွေးကာ စွန့်ရပြန်ပေသည်။ ထို့ပြင် ကျွန်ုပ်မှာ ရိုးရိုးအခြေအနေသာဆိုလျှင် မော်လမြိုင်မြို့ပေါ်တွင် အခြေကျလျက် လူတိုင်းခန့်ညားနေရသော စစ်ရာထူးကို စွန့်၍ အမှီတို့နောက်သို့ ကောက်ကောက် ပါအောင်လိုက်သွားလိုသောဆန္ဒ ယခုလောက် ပြင်းထန်ချင်မှ ပြင်းထန်ပေမည်။ ယခုမူကား ကျွန်ုပ်မှန်းမျှော်သော အာသာဝတီကလေးအနီး၌ တံချူရှင် ကိုမြဖေရှိနေသည်ဟု သိရသောအချက်သည် ကျွန်ုပ်အား အမှိတို့နှင့် မြန်နိုင်သမျှ လျင်မြန်စွာနီးစပ်ချင်အောင် အပြင်းအထန် စေ့ဆော်လျက်ရှိနေ၏။ ထို့ကြောင့်လည်း စွန့်ရပေသည်။

အမှိတို့အိမ်သို့ ထိုညက အချိန်ရပါလျက်နှင့် မသွားခဲ့ပေ။ သွားလျှင် ကျွန်ုပ်၏စနက်တန်ဖိုးလျော့သွားမည်ကိုစိုး၍ ဖြစ်၏။ ကျွန်ုပ်က အင်မတိအင်မတန် နီးစပ်လိုကြောင်းကိုပြလျှင် သူတို့က နောက်တွန့်သွားပေမည်။ ဤကား လူ့မမ္မတာဖြစ်၏။ တစ်ဖန် ကျွန်ုပ် အမှီစိတ်တွင်း၌ အစပျိုးပေးခဲ့သော တွေးလုံးတောလုံးတို့ကို ဦးဒေါန၏စိတ်သို့ ကူးစက်ကာ မီးငွေ့ငွေ့နှင့် ထမင်းအိုးနှပ်သလို နှုံးပြီးနှပ်ပြီးလည်း ဖြစ်နေစေလို၏။ သူတို့စိတ်၌ ကျွန်ုပ်အား ကူညီလိုသောဆန္ဒ နှုံးပြီးနှပ်ပြီးဖြစ်နေလျှင် ချဉ်းကပ်ရန် ပိုမို၍ လွယ်ကူပေမည်။ သို့ဖြစ်လေရာ သုံးလေးရက်မျှဆက်၍ပင် အမှိတို့အိမ်သို့ တမင်မသွားဘဲနေလိုက်၏။ အဝေးကမူ တစေ့တစောင်းချောင်းမြောင်း၍ သူတို့တစ်တွေ ဘယ်နေ့ဘယ်ရက်တွင် နေရင်းမြို့သို့ ခရီးထွက်မည်ကို စုံစမ်းနေရသေး၏။

သူတို့ ခရီးထွက်ကြမည့်ရက်သည် နီးကပ်သည်ထက် နီးကပ်လာ၏။ ကျွန်ုပ်ထံသို့ကား ဘာမျှအကြောင်းမကြားကြပေ။ ထို့ကြောင့် ကျွန်ုပ်၏ပရိယာယ်မှာ မထိမခိုက်လွဲချော်လေပြီလားဟု တွေးမိ၏။ တွေးမိသောအခါ၌ ရင်ပူမိပြန်ပေသည်။ အမှိတို့အိမ်သို့ ကျွန်ုပ်ကပင် မခေါ်ပင့်ချေဝင်၍သွားရလျှင် ကောင်းလေမည်လားဟု လောဘဇောတိုက်သောစိတ်ဖြင့် သွားချင်နေ၏။ သို့သော် သူတို့ပြန်မည့်ရက်မှာ ငါးရက်ခန့်လိုသေးသောကြောင့် အောင့်အည်း၍ အခေါ်ကို စောင့်နေရပေသည်။

နှစ်ရက်လွန်သွားပြန်၏။ ထိုအခါတွင် ကိုမြဖေဆိုသူသည် သူ၏ စက်လှေကြီးဖြင့် မော်လမြိုင်သို့ တစ်ရက်၊ နှစ်ရက်အတွင်း ရောက်လာတော့မည်ဟူသော သတင်းကို၏။ ထိုအခါ၌ ကျွန်ုပ်မှာ မျက်လုံးမျက်ဆန်ပြူးစ ပြုလေတော့သည်။

ဆက်လက်ဖော်ပြပါမည်။

ရန်ကုန်မြို့၌ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြလုပ်ခြင်း အတတ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့၌ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြလုပ်ခြင်း အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို ဇူလိုင်လ ၆ ရက်မှစ၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

အဆိုပါသင်တန်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာသင်တန်းကျောင်းဝင်း၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး တစ်နှစ်ကြာမြင့်မည်ဖြစ်၍ သင်တန်းတက်ရောက်ခွင့်ရရှိသူများအား အခြေခံသင်ခန်းစာများ၊ ရုပ်စုံဖန်တီးရေးဆိုင်ရာ နည်းပညာများနှင့် လုပ်ငန်းခွင်လေ့လာရေးအစီအစဉ်များကို အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းလျှောက်လွှာများကို ဇွန်လ ၈ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အင်းလျားလမ်း စိမ်းလန်းစိုပြည်ပန်းခြံရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံး၌ ထုတ်ယူနိုင်ပြီး သင်တန်းပြီးဆုံးပါက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သင်တန်းဆင်းလက်မှတ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ခန့်ခန့်

မိုးညိုမြို့နယ် ကံကလေးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်

မိုးညို ဇွန် ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန်လ ၈ ရက်က ကံကလေးကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းသို့ မိုးညိုမြို့နယ်အတွင်းရှိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အေးမြတ်

ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်မှုကြောင့် သေဆုံးသူ ၄၁ ဦးအထိရှိလာ

မနီလာ၊ သဘာဝဘေး

ဖိလစ်ပိုင်နိုင်ငံ၌ ဇွန်လ ၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၄၁ ဦးအထိ ရှိလာကြောင်း တာဝန်ရှိသူများက ဇွန်လ ၉ ရက်တွင် ထုတ်ပြန်ထားသည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူ ၄၅၀ ကျော်လာပြီဖြစ်ပြီး ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် ဒဏ်ရာရသူများကို ဆေးရုံအပြင်ဘက်၌ ကုသမှုများ ဆောင်ရွက်ပေးနေရကြောင်းသိရသည်။

ငလျင်ဒဏ်ကိုအဆိုးဆုံးခံရသည့်ဒေသမှာ ဆာရန်ဂါနီပြည်နယ်ဖြစ်ပြီး အချို့သောဒေသများမှာ ရဟတ်ယာဉ်ဖြင့်သာသွားနိုင်သည့်နေရာများဖြစ်ကြောင်းနှင့် နောက်အရေအတွက်ရာနှင့်ချီသည့် နောက်ဆက်တွဲငလျင်ငယ်များ ဆက်တိုက်လှုပ်နေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အင်အားပြည့်မလုပ်နိုင်ကြောင်း တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

Ref: ST

ရုရှားရေတပ်က ဘောတစ်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်

မော်စကို၊ စစ်ရေး

ရုရှားရေတပ်က ဘောတစ်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ ထိုစစ်ရေးလေ့ကျင့်မှုတွင် ပဲ့ထိန်းမပါသည့် ဒုံးကျည်ပစ်လွှတ်မှုများ၊ ဗုံးကြဲတိုက်ခိုက်မှုပုံစံများနှင့် ဒုံးကျည်တိုက်ခိုက်မှုများပါဝင်ကြောင်း Interfax သတင်းဌာနက ဇွန်လ ၉ ရက်တွင်ဖော်ပြထားသည်။

ဘောတစ်ပင်လယ်အတွင်း အမေရိကန်နှင့် NATO တပ်ဖွဲ့များက စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်မှုနှင့်အချိန်ကိုက်၍ ရုရှားကလည်း အလားတူစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု သတင်းဌာနကဆက်လက်ဖော်ပြထားသည်။ ဇွန်လ ၄ ရက်မှ ၂၀ ရက်အထိဆောင်ရွက်သော NATO တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှု၌ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ စစ်ရေယာဉ် ၂၀ နှင့်စစ်သည် ၆၀၀၀ ပါဝင်သည်။

ရုရှားနိုင်ငံကဆောင်ရွက်သည့် စစ်ရေးလေ့ကျင့်မှုတွင် တိုက်လေယာဉ်များနှင့်ဗုံးကြဲလေယာဉ်များအပါအဝင် စစ်လေယာဉ် ၁၀ စင်းနှင့် ဒုံးကျည်တင်သင်္ဘောနှစ်စင်းတို့ပါဝင်ကာ ဇွန်လ ၈ ရက်နှင့် ၉ ရက်တွင် စစ်ရေးလေ့ကျင့်ခန်းများကိုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းဌာနကဖော်ပြထားသည်။

Ref: RTA

အမေရိကန်၏ တင်းကျပ်သောပိတ်ဆို့မှုများကြောင့် ကျူးဘားနိုင်ငံ၌ ကလေးငယ်များစွာသေဆုံးနေရဟု ကုလသမဂ္ဂသတိပေး



နယူးယောက်၊ ကျန်းမာရေး

အမေရိကန်အစိုးရ၏ တင်းကျပ်သောပိတ်ဆို့မှုများကြောင့် ကျူးဘားနိုင်ငံ၌ ရှိသော ကလေးငယ်များသေဆုံးနေရခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် မွေးကင်းစကလေးငယ်များသေဆုံးမှု မြင့်တက်ကာ ကင်ဆာရောဂါဖြစ်နေသည့် ကလေးငယ်များ၏ အသက်ရှင်သန်နိုင်သည့်နှုန်းသည်လည်းကျဆင်းလာကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် ကျူးဘားအစိုးရအပေါ် ဖိအားပေးသည့်အနေဖြင့် ယင်းနိုင်ငံသို့ လောင်စာဆီဝင်ရောက်မှုအားလုံးနီးပါးကို ဖြတ်တောက်ထားသည့်အတွက် အဆိုပါ ကျွန်းနိုင်ငံတွင်ရှိသော ပြည်သူ ၁၀ သန်း ကျော်မှာ သောက်သုံးရေ၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိခြင်း မရှိကြောင်း ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး ဗော်ကာတာ့ကပြောသည်။

လောင်စာဆီဖြတ်တောက်မှုများအပါအဝင် အခြားသောပိတ်ဆို့ကန့်သတ်မှုများသည် ကျူးဘားပြည်သူများအပေါ်တိုက်ရိုက်သက်ရောက်နေကြောင်း၊ ဆရာဝန်များအနေဖြင့် အရေးကြီးသောဆေးပစ္စည်းများကိုအသုံးပြုနိုင်ခြင်းမရှိသည့်အတွက် ကလေးငယ်များသေဆုံးနေရခြင်းဖြစ်ပြီး ထိုသို့ဖြစ်ပေါ်နေမှုကို လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် အဆိုပါပိတ်ဆို့မှုများကို ချက်ချင်းရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးကပြောသည်။ အမေရိကန်အစိုးရကငင်းတို့အနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို ကန့်သတ်ထားခြင်းမရှိကြောင်းပြောထားသည်။

Ref: ST

အမေရိကန်က တရုတ်ကုမ္ပဏီများကို အမည်ပျက်စာရင်းသွင်းမှု တရုတ်ကန့်ကွက်

ပေကျင်း၊ နိုင်ငံရေး

အမေရိကန်က တရုတ်နိုင်ငံမှကုမ္ပဏီများအပေါ် အမည်ပျက်စာရင်းသွင်းမှုကို တရုတ်အစိုးရက ပြတ်ပြတ်သားသား ကန့်ကွက်ကြောင်းသိရသည်။ တရုတ်နိုင်ငံ၏နည်းပညာကုမ္ပဏီများဖြစ်သော Baidu နှင့် Alibaba တို့က တရုတ်တပ်မတော်ကို ထောက်ပံ့မှုပေးနေသည်ဟု အမေရိကန်ကစွပ်စွဲကာ ထိုကုမ္ပဏီနှစ်ခုကိုအမည်ပျက်စာရင်းသွင်းခြင်းဖြစ်သည်။

ထို့နောက် အမေရိကန်အစိုးရ၏အမျိုးသားလုံခြုံရေးဟူသော အကြောင်းပြချက်ဖြင့် ယခုကဲ့သို့အမည်ပျက်စာရင်းသွင်းမှုနှင့် တရုတ်ကုမ္ပဏီများအပေါ် ယုတ္တိမရှိဖိနှိပ်မှုများကို တရုတ်အစိုးရက ပြတ်ပြတ်သားသားကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက ဇွန်လ ၉ ရက် သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ ထို့ပြင် တရုတ်နိုင်ငံကလည်း တရုတ်ကုမ္ပဏီများ၏တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် လိုအပ်သည်များကို လုပ်ဆောင်သွားမည်ဟု လင်ကျန်းကပြောထားသည်။

Ref: AGC

အမေရိကန်က အစွန်ရေးအပေါ်ထောက်ပံ့မှုများ ရုပ်သိမ်းမည်ဟု ထရမ့်ခြိမ်းခြောက်

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံက အစွန်ရေးနိုင်ငံသို့ ပေးအပ်နေသော ကူညီထောက်ပံ့မှုများကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစွန်ရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်ဖုန်းပြောစဉ်ခြိမ်းခြောက်ထားသည်ဟု Axio သတင်းဌာနကဖော်ပြထားသည်။


အစွန်ရေးက လက်ဘန္နန်နိုင်ငံသို့တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် အမေရိကန်နှင့်ဆွေးနွေးမှုများကို ဆိုင်းငံ့ထားကြောင်း အီရန်အစိုးရကပြီးခဲ့သည့်သီတင်းပတ်တွင် ထုတ်ပြန်ကြေညာပြီးနောက် ဒေါ်နယ်ထရမ့်က နေတန်ယာဟုနှင့် ဖုန်းပြောဆိုမှုများကို အကြိမ်ကြိမ်လုပ်ဆောင်ထားခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် အီရန်ဘက်ကအဆိုပြုသည့်အချက်တွင် လက်ဘန္နန်အပါအဝင် ရှေ့တန်းစစ်မျက်နှာအားလုံး၌ တိုက်ခိုက်နေမှုများကိုရပ်တန့်ရန်ပါဝင်သည်။ မတ်လမှစ၍ လက်ဘန္နန်ကိုအစွန်ရေးကတိုက်ခိုက်မှုကြောင့် လူပေါင်း ၃၇၀၀ နီးပါးသေဆုံးထားသည်။ ထို့ပြင် အီရန်နှင့်အစွန်ရေးတို့သည် ဧပြီလတွင်အပစ်အခတ်ရပ်စဲရေးရရှိပြီးနောက် ပထမဆုံးအနေဖြင့် ဇွန်လ ၇ ရက်နှင့် ၈ ရက်တို့တွင် အပြန်အလှန်တိုက်ခိုက်မှုများလုပ်ဆောင်သည်။ ယခုအခါ အစွန်ရေးက အီရန်အပေါ် တိုက်ခိုက်မှုကို ရပ်တန့်ထားပြီးဟုကြေညာထားကြောင်းသိရသည်။

Ref: RT



တရုတ်က ဝက်အသည်းနှင့်ကျောက်ကပ်တစ်စုံကို လူသားတွင် ပထမဆုံးအစားထိုးမှုပြုလုပ်



ဟောင်ကောင်၊ ကျန်းမာရေး

တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် ဝက်၏အသည်းနှင့် ကျောက်ကပ်တစ်စုံကို ဦးနှောက်သေနေသောလူနာတစ်ဦးထံသို့ အစားထိုးမှုပြုလုပ်ကြောင်းသိရသည်။ ယခင်က ထိုသို့အစားထိုးမှုကို ကိုယ်တွင်းအင်္ဂါတစ်ခုချင်းစီသာလုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် ယခုကဲ့သို့ တိရစ္ဆာန်၏ကိုယ်တွင်းအင်္ဂါအစုံလိုက်ကို လူသားတွင်အစားထိုးခြင်းမှာ ကမ္ဘာ့ပထမဆုံးဖြစ်သည်။

အဆိုပါခွဲစိတ်မှုလုပ်ဆောင်ပြီးနောက် ဝက်၏အသည်းနှင့်ကျောက်ကပ်များကင်းရက်နီးပါးကြာကောင်းစွာအလုပ်လုပ်ခဲ့ပြီး ယင်းနောက်တွင် အသက် ၅၃ နှစ်ရှိလူနာရှင်၏မိသားစုဆန္ဒအရ လေ့လာမှုကို ရပ်တန့်ခဲ့ခြင်းဖြစ်သည်။ ယခုခွဲစိတ်မှုကတိရစ္ဆာန်မှလူသားသို့ ကိုယ်တွင်းအင်္ဂါများစွာအစားထိုးကုသပေးနိုင်စေမည့် လမ်းစတစ်ခုထွက်ပေါ်လာစေသည်။

ထို့ပြင် မျိုးစိတ်တစ်ခုမှ အခြားမျိုးစိတ်တစ်ခုသို့ ကိုယ်တွင်းအင်္ဂါများကိုအစားထိုးကုသနိုင်ခြင်းသည် ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုခံယူရန် မဖြစ်မနေလိုအပ်သည့် လူနာများအတွက် ကိုယ်တွင်းအင်္ဂါရှားပါးမှုပြဿနာကို ပြေလည်စေမည်ဖြစ်သည်ဟု ပညာရှင်များကပြောသည်။ အဆိုပါသုတေသနကို ကွမ်းရီးဆေးတက္ကသိုလ်မှသုတေသီများကလုပ်ဆောင်ခြင်းဖြစ်ပြီး ယင်းသုတေသနမှ ကိုယ်ခံအားထွက်ရှိမှုကိုလည်းတွေ့ရှိရသည်ဟု ပြောသည်။

Ref: BP

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်



စစ်တွေ ဇွန် ၉

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကတို့နှင့်အတူ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းအတွက် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦးနှင့် ပါကစ္စတန် နိုင်ငံသား နှစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၁၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. David Leonard Hatumena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ Taipei Economic and Cultural Office in Myanmar မှ Deputy Director Mr. Leonid Cheng- Yu Chang နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးစဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၄၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၁၆၃ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မော်လမြိုင် ဇွန် ၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ လူငယ်စင်တာဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ကျောင်းသားအားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌက လူငယ်စင်တာဖွင့်လှစ်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လူငယ်စင်တာအတွင်း ပြင်ဆင်ထားရှိသည့် အားကစားခန်းမ၊ စာသင်ခန်း၊ အိမ်တွင်းမှုခန်း၊ အိပ်ခန်း၊ ဂီတခန်း၊ နားနေခန်း၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းတို့ကိုလည်း ကောင်း၊ ပန်းချီခန်းများတွင် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး သက်ဆိုင်ရာဘာသာရပ်များအလိုက် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေးပြင်ဆင်ထားရှိမှုနှင့် လူငယ်များ လေ့လာသင်ယူနိုင်မှုအခြေအနေများကိုလည်း ကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၂-၆-၂၀၂၆)ရက်(သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်ဓာတ်ပြားရအဆိုတော်ကြီးများနှင့် တက်သစ်အအဆိုတော်များစုပေါင်း၍ **"မိုးနဲ့အတူ ချစ်ရသူ"** လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

(၁၂-၆-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မိုးနဲ့အတူ ချစ်ရသူ" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	အေးတဲ့ရာသီ	ပြင်ပအဆိုရှင်
၂။	သုံးရာသီအလှ	ပြင်ပအဆိုရှင်
၃။	မိုးရိပ်ဧည့်သည်	ပြင်ပအဆိုရှင်
၄။	မိုးတိမ်လေးခင်	ပြင်ပအဆိုရှင်
၅။	မိုးစက်လေးတွေကြည့်လို့လွမ်းနေမယ်	ပြင်ပအဆိုရှင်
၆။	သဘာဝတေး	ပြင်ပအဆိုရှင်
၇။	ပျို့လယ်တော	ပြင်ပအဆိုရှင်
၈။	မိုးနဲ့အတူချစ်ရသူ	ပြင်ပအဆိုရှင်
၉။	တိမ်ညို	ပြင်ပအဆိုရှင်
၁၀။	ရင်ထဲမိုး	ပြင်ပအဆိုရှင်

▲ ကျောဖုံးမှအဆက်

နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ယနေ့တွင် အပြီးတိုင်တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအတွင်းသို့ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်ကာ ပြည်သူလူထု၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများတွင် သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်၍ စစ်စခန်းအဖြစ်အသုံးပြုကာ အခြေချနေထိုင်နေစဉ်အတွင်း ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချ၍ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်း၊ သံဃာများနှင့် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကိုတရားဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ခံစစ်ဆင်ထားသည့် ဂူကြီးတောရကျောင်းတိုက်အား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

ထို့ပြင် မုံရွာ-စစ်ကိုင်းဆက်သွယ်ရေးလမ်းကြောင်းနှင့် ချောင်းဦး-ရေစကြို ဆက်သွယ်ရေးလမ်းကြောင်းတို့ကို အသုံးပြု၍ ဒေသခံပြည်သူများ၏ အခြေခံလူမှု၊ စီးပွားဘဝများအဆင်ပြေစေရန်အတွက် ကုန်စည်ပို့ဆောင်မှုများ လုပ်ဆောင်လျက်ရှိသော ကုန်တင်ကားများ၊ ခရီးသွားမော်တော်ယာဉ်များအား PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဆက်ကြေးကောက်ခံခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသဖြင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ပြီး ဒေသခံပြည်သူများသည် ကုန်စည်ပစ္စည်းများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံးရခြင်း၊ လုံခြုံအေးချမ်းမှုမရှိဘဲ နေထိုင်ရခြင်းများကို ကြုံတွေ့ခံစားနေကြရကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ငါးလုံးတင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် တာဝန်သိဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ငါးလုံးတင်ကျေးရွာတွင် ဝင်ရောက်ကာ စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချနေထိုင်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ဖြင့် တိုက်ခိုက်ချေမှုန်းရန်အတွက် ချောင်းဦးမြို့၌လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခဲ့ကာ ဇွန်လ ၅ ရက်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ **စာမျက်နှာ ၂၈ သို့ ▲**

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၉

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့်လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှိတရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၄၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံများအား ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု









အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများတွင် စစ်စခန်းအဖြစ်အသုံးပြုခဲ့ပြီး ဖျက်ဆီးခဲ့မှုများကိုတွေ့ရစဉ်။











အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများတွင် ပစ်ကျင်းများ၊ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်၍ စစ်စခန်းအဖြစ် အသုံးပြုခဲ့မှုများကို တွေ့ရစဉ်။

▲ စာမျက်နှာ ၂၇ မှအဆက်

ဇွန်လ ၆ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မှန်ချိုကျေးရွာအားလည်းကောင်း၊ ဇွန်လ ၈ ရက်နေ့တွင် ဂူကြီးဘုန်းကြီးကျောင်းနှင့် ဆင်မြေကျေးရွာတို့အားလည်းကောင်း၊ ယနေ့နေ့လယ်ပိုင်းတွင် ငါးလုံးတင်ကျေးရွာနှင့် ဝန်းကျင်တစ်ဝိုက်အားလည်းကောင်း အသီးသီးပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၂ လောင်း၊ လက်နက်မျိုးစုံ ၄ လက်၊ လက်လုပ် Fixed Wing ၁ စင်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများကိုတွေ့ရစဉ်။

အကြမ်းဖက်သမားများအနေဖြင့် ငါးလုံးတင်ကျေးရွာအား စစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်စဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များတွင် သဲအိတ်များစီ၍ ခံစစ်ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်း၊ လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)နှင့်အညီ ပြည်သူလူထု၏တိုက်တာ၊ အိုးအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့်ဆောင်ရွက်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ငါးလုံးတင်ကျေးရွာအား စစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်လျက်ရှိသော အကြမ်းဖက်သမားများအား အပြီးတိုင် တိုက်ထုတ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများက တပ်မတော်စစ်ကြောင်းများအား ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မိတ္ထီလာမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းဖွင့်

မိတ္ထီလာ ဇွန် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းကို ယမန်နေ့က ဖွင့်လှစ်သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ) မှ ကျောင်းအုပ်ကြီး ဒေါ်ဖြူဖြူမြင့်က သင်တန်းတွင် သင်ကြားပို့ချပေးမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၆၀၂)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နောင်ချိုမြို့တွင် ငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်းတန်ဖိုးနှင့် တပ်ကုန်းမြို့နယ်တွင် ငွေကျပ် ၃၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ၆နှ ၉

နောင်ချိုမြို့တွင် ငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်းတန်ဖိုးနှင့် တပ်ကုန်းမြို့နယ်တွင် ငွေကျပ် ၃၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ၆နှ၊လ ၇ ရက်နံနက် ၁၁ နာရီတွင် နောင်ချိုမြို့၊ ပါဟက်ရပ်ကွက်အနီး မန္တလေး-လားရှိုးသွားကားလမ်းတွင် သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာနေ စိုင်းလှဝင်း (၂၉)နှစ်မောင်းနှင်ပြီး သီပေါမြို့နယ်၊ ကုန်းမုံကျေးရွာနေ စိုင်းဆိုင်ခေး(၂၄)နှစ် လိုက်ပါလာသော LINCOLN NAVICATOR အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့ ၂ ဦးသယ်ဆောင်လာသောစိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၇၅၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် စိုင်းလှဝင်းနှင့် စိုင်းဆိုင်ခေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ၆နှ၊လ ၈ ရက်မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ်၊ မရိုးကုန်းကျေးရွာနေ ဇော်ကြီး(၄၇)နှစ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာနေ ကိုထက်(၂၇)နှစ်အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း) ဖမ်းဆီးရမိသဖြင့် ဇော်ကြီး၊ ကိုထက်နှင့် တင့်ဇော်(ခ)ဇော်ကြီးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ စိုင်းလှဝင်းနှင့် စိုင်းဆိုင်ခေးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ ဇော်ကြီး၊ ကိုထက်နှင့် တင့်ဇော်(ခ)ဇော်ကြီးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ တင့်ဇော်(ခ)ဇော်ကြီးအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ငွေးဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် တစ်ရွာတည်းနေ တင့်ဇော်(ခ)ဇော်ကြီး(၄၅)နှစ်၏ နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀) အား ထပ်မံဖမ်းဆီးရမိသဖြင့် ဇော်ကြီး၊ ကိုထက်နှင့် တင့်ဇော်(ခ)ဇော်ကြီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။ မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၄၅	၄၅၁၅	၄၄၆၀	၄၄၆၀	၄၅၂၀	၄၅၃၀	၄၅၇၅	၄၄၃၅	၄၅၇၅	၄၈၇၀	၄၄၆၀	၄၅၅၀	၄၅၅၅	၄၅၁၀	၄၅၁၅	၄၇၃၅
95 Ron	၄၃၈၅	၄၅၆၀	၄၅၀၅	၄၄၀၅	၄၅၆၀	၄၅၇၅	၄၆၁၅	၄၄၈၀	၄၆၁၅	၄၉၁၅	၄၅၀၀	၄၆၅၅	၄၆၀၀	၄၅၅၅	၄၅၆၀	၄၇၈၀
HSD (500 ppm)	၄၂၂၀	၄၃၈၀	၄၃၃၀	၄၂၃၅	၄၃၈၅	၄၃၉၅	၄၃၃၅	၄၃၀၅	-	၄၇၂၀	၄၃၂၅	၄၇၂၀	၄၄၂၀	၄၃၇၅	၄၃၈၅	၄၅၉၅
HSD (50 ppm)	၅၁၁၅	၅၂၉၀	၅၂၃၅	၅၁၃၀	၅၂၉၀	၅၃၀၅	၅၃၄၅	၅၂၁၀	၅၃၄၅	၅၆၄၅	၅၂၃၀	၅၃၀၅	၅၃၂၅	၅၂၈၀	၅၂၉၀	၅၅၁၀
HSD (10 ppm)	၅၁၁၅	၅၂၉၀	၅၂၃၅	၅၁၃၀	၅၂၉၀	၅၃၀၅	၅၃၄၅	၅၂၁၀		၅၆၄၅	၅၂၃၀	၅၃၀၅	၅၃၂၅	၅၂၈၀	၅၂၉၀	၅၅၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၁၁၉	၄၂၃၅
95 Ron	၄၁၆၀	၄၂၇၇
HSD (500 ppm)	၄၀၁၀	၄၁၂၀
HSD (50 ppm)	၄၈၆၇	၄၉၉၄
HSD (10 ppm)	၄၈၆၇	၄၉၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ၆နှ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS)အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၆နှ၊လ ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း (၄၇ ဒသမ ၀၇၉၀)တန်၊ သစ်မာ (၂ ဒသမ ၅၅၅၂)တန်၊ အခြား(၈၀ ဒသမ၂၁၃) တန်၊ စုစုပေါင်း (၁၂၉ ဒသမ ၈၄၆၅)တန်၊ ယာဉ်/ယန္တရား (၅)စီး၊ တရားခံ (၁၆)ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့၊ အမှတ်(၁၅၄)၊ မောင်းမကန်လမ်း၊ ကမြောကင်းကျေးရွာအုပ်စုနေ ဦးသန်းထိုက်စိုး(ဘ) ဦးအောင်စိုး ၆/လလန(နိုင်)၀၈၂၆၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 336086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၅၄၀၇၄၂

အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်နေ အဘ ဦးစိုးဇော် ၈/မသန(နိုင်)၀၇၉၀၆၃၃ ၏သား မောင်ကောင်းလတ်ဟိန်း၏ အမည်မှန်မှာ မောင်ကောင်းခန့်သူ ဖြစ်ပါကြောင်း။

မောင်ကောင်းခန့်သူ

ပျောက်ဆုံးကြောင်း

ကောလင်းမြို့၊ သုဝဏ္ဏရပ်ကွက်နေ မသင်းရနံ့ဦး(ဘ)ဦးအောင်ဌေး ၅/ကလတ(နိုင်)၀၉၂၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 165947)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၅၁၁၃၆၆

အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.လ.က(၁)၊ Grade-5(B) မှ အဘ ဦးမျိုးနိုင်ထွန်း ၉/ပဥလ(နိုင်)၀၁၄၉၃၆ ၏သား မောင်ပိုင်ပိုင်အား မောင်ဘုန်းမြင့်အောင်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းမြင့်အောင်နိုင်

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

အကောက်ခွန်ဦးစီးဌာန
ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၂၄-၆-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊
(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဂ) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ
(ဃ) လေလံပုံစံရောင်းချခြင်း- လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်း စာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၁၅-၆-၂၀၂၆ ရက်နေ့နှင့် ၁၆-၆-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၇-၆-၂၀၂၆ ရက်နေ့နှင့် ၁၈-၆-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း အာမခံစပေါ်ငွေပေးသွင်းခြင်းကို လက်ခံသွားမည်ဖြစ်ပါသည်။
(င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၁၇-၆-၂၀၂၆ ရက်နေ့ မှ ၂၂-၆-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀)နာရီမှ ညနေ (၁၆:၀၀)နာရီအထိ (၄)ရက် ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၄၂၀၀၅၅၉၉၂၀)နှင့် (၀၉-၂၅၄၀၇၃၃၁၀)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့
အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ မိုင်းသာအရှေ့ရွာ၊ ကွင်းအမှတ်(၅၈/၃)၊ ဦးပိုင်အမှတ်(၇၄)ပေါ်ရှိ ဦးမြမောင်(ခ)ဦးကျောင်းခွက်နှင့် ဒေါ်ခမ်းမယ်တို့ ပိုင်ဆိုင်သော မြေ(၄.၇၆)ဧကမှ မြေ(၂.၃၈)ဧကအား သမီးဖြစ်သူ ဒေါ်မိဆွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၃/တကန(နိုင်)၀၂၃၄၇၈၊ အမှတ်(ည/၁၉)အနောက်မြို့ပတ်လမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့နေသူမှ မိဘအမွေအဖြစ် ကျေးရွာလူကြီး၊ ရပ်မိရပ်ဖများအသိအမှတ်ပြုကာ ရရှိထားသောမြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေ(၂.၃၈)ဧကအား မူလပိုင်ဆိုင်သူ ဒေါ်မိဆွန်ထံမှ နေပြည်တော်ကောင်စီနယ်မြေ၊ ဓမ္မာသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ဦးသိန်းဇော်ဌေး(ဘ)ဦးမှုံ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၄/ပတန(နိုင်)၁၀၆၀၅၃ မှ ၂၅-၁၂-၂၀၂၅ ရက်တွင် တရားဥပဒေနှင့်အညီ ငွေအပြီးအပြတ်ပေးချေကာ ဝယ်ယူထားရှိပြီးဖြစ်ပါသည်။

၃။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်သေစာရွက်စာတမ်းများနှင့် အတူ (၂၃-၆-၂၀၂၆)ရက်နောက်ဆုံးထား၍ တောင်ကြီးမြို့နယ်တရားရုံးတွင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေယာပိုင်ဆိုင်မှုအား ဥပဒေနှင့်အညီ အမည်ပေါက်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးသိန်းဇော်ဌေး
၁၄/ပတန(နိုင်)၁၀၆၀၅၃
ဓမ္မာသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

GOLDEN HOPE MYANMAR COMPANY LIMITED
Registration No. 124652235
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ(၃၄၅)အရ
ကုမ္ပဏီအား ပါဝင်သူများ၏ဆန္ဒအရ
စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ Golden Hope Myanmar Company Limited အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၈-၆-၂၀၂၆)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင်ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင်၊ B.A, C.P.A.,R.A.ICMA (Part II London)အမှတ်-၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူ မြီစားများသည် ဤကြေညာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

ဦးအောင်နိုင်ထွန်း
ဒါရိုက်တာ

ဦးကျော့မောင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံအ.ထ.က Grade-12 တွင်ပညာသင်ကြားခဲ့သော မောင်လမင်းမောင်၏ဖခင် ဦးအောင်ရွှေ၏ အမည်မှန်မှာ ၈/ရစက(နိုင်)၀၀၅၈၂၇ အရ ဦးစန်းလွင်ဦးဖြစ်ပါကြောင်း။ **ဦးစန်းလွင်ဦး**

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်း-အ.ထ.က အဋ္ဌမတန်းထိ ပညာသင်ကြားခဲ့သော မောင်အောင်ဇင်မင်း၏ဖခင် ဦးဆန်း၀င်း၏ အမည်မှန်မှာ ၈/ရစက(နိုင်)၁၇၃၃၄၅ အရ ဦးစန်း၀င်း ဖြစ်ပါကြောင်း။ **ဦးစန်း၀င်း**

အမည်မှန်
ရေစကြိုမြို့နယ်၊ သာဂေါင်ကျေးရွာနေ ဦးဌေး၀င်း၏သား မောင်ဇော်လင်းဖြိုး၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၂၀၇၁၃ မောင်စိုင်းဆိုင်မော့ဖြစ်ကြောင်းနှင့် သမီး မရင်ရင်ချို၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၂၈၁၅ မယဉ်ယဉ်ချို ဖြစ်ပါကြောင်း။ **မောင်စိုင်းဆိုင်မော့၊ မယဉ်ယဉ်ချို**

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းတွင် Grade-5 ထိ ပညာသင်ကြားခဲ့သော မသိဂ် အောင်၏ဖခင် ဦး၀င်းနိုင်၏အမည်မှန်မှာ ဦး၀င်းနောင်ဖြစ်ပါကြောင်း။ **ဦး၀င်းနောင်**

ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-12 မှ မောင်အောင်လင်း၏ဖခင် ဦးအိုက်၏အမည်မှန်မှာ ဦးမောင်အိုက် ဖြစ်ပါကြောင်း။ **ဦးမောင်အိုက်**

ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က(ခွဲ) ချောင်းခွ Grade-8 မှ မောင်ဟိန်းဝေနိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်စိုး ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်စိုး**

အမည်ပြောင်း
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ အ.ထ.က(၅)အခြေခံပညာအထက်တန်းကျောင်း-ရှမ်းတဲ၊ Grade-6 မှ ကျောင်း၀င်အမှတ်(၀၆၅၃) အဘ ဦးသန်းစိုးဦး ၉/မထလ (နိုင်)၁၈၂၅၃၃ ၏သမီး မသင်းနဒီစိုးအား အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား တွင် မသွန်းနဒီစိုးဦးဖြစ်ပါသဖြင့် မသွန်းနဒီစိုးဦးဟုပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းနဒီစိုးဦး**

ပျောက်ဆုံးကြောင်း
မအေးအန်(ဘ)ဦးအိုက်အောင် ၁၃/ပဆန (နိုင်)၀၀၂၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 296819)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၄၃၁၈၆၉၁**

ပျောက်ဆုံးကြောင်း
အိသန္တာ(ဘ)ဦးမြင့်လွင် ၇/တငန(နိုင်) ၁၃၈၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၂၈၉၀၃**

ပျောက်ဆုံးကြောင်း
မောင်မောင်အောင်(ဘ)ဦးသိန်းလွင် ၁၂/ရကန(နိုင်)၀၀၆၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၅၂**

ပျောက်ဆုံးကြောင်း
နန့်ခိုင်သဇင်(ဘ)မန်းမောင်ကလော ၁၄/မမန(နိုင်)၃၁၀၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 292220)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆**

ပျောက်ဆုံးကြောင်း
ဝဏ်းနေဗလ(ဘ)ဦးမြင့်နိုင် ၁၀/မဒန(နိုင်) ၁၉၈၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း
သန်းဇော်ဦး(ဘ)ဦးရွှေအေး ၁၄/ဒဇရ(နိုင်) ၁၄၁၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း
လွဲလွဲဝင်း(ဘ)ဦးစိုင်းမြင့်အောင် ၁၃/ကမန (နိုင်)၁၆၂၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၁၅၈၆၁**

ပျောက်ဆုံးကြောင်း
ခိုင်ဇော်အောင်(ဘ)ဦးခင်မောင်ရွှေ ၈/ခမန (နိုင်)၁၆၃၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၅၈၅၁၁၀၄၃**

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က၊ ဇုတ်သုတ်ကျောင်း၊ Grade-7 မှ မသွန်းရတီကျော်၏ဖခင်အမည်မှန်မှာ ဦးညီညီထူး ၁၀/ဘလန(နိုင်)၁၁၀၀၇၈ ဖြစ်ပါကြောင်း။ **ဦးညီညီထူး**

ပျောက်ဆုံးကြောင်း
ဝေယံမိုး(ဘ)ဦးဖိုးတုပ် ၉/တသန(နိုင်) ၂၄၃၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၈၉၇၆၃၈၅၅**

ပျောက်ဆုံးကြောင်း
အိအိအောင်(ဘ)အောင်၀င်း ၁၄/လပတ (နိုင်)၁၂၅၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၁၂၈၅၁၄**

ပျောက်ဆုံးကြောင်း
ဆုဒါလီဇော်(ဘ)ဦးဇော်လွင်ဦး ၁၂/စခန(နိုင်)၀၇၁၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 944926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း
ဝင်းမြတင်(ဘ)ဦးနေဝင်း ၁၂/သကတ(နိုင်)၁၄၆၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 637008)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆**

ဖခင်အမည်မှန်
ကျိုင်းတုံမြို့နယ်၊ အ.လ.က(ပန်ဟုန်း) ကျောင်း၊ Grade-7 မှ မနန်းရဲနိုက်ချမ်၏ဖခင် အမည်မှန်မှာ ဦးစိုင်းဆန်ကျောက် ၁၃/ကတန(နိုင်)၂၄၂၇၅၈ ဖြစ်ပါကြောင်း။ **ဦးစိုင်းဆန်ကျောက်**

ဖခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က(၅)ကျောင်း၊ Grade-12 မှ မခိုင်နှင်းမိုး၏ဖခင်အမည်မှန်မှာ ဦးသန်းထိုက် ၁၂/လကန(နိုင်)၂၂၆၇၇၄ ဖြစ်ပါကြောင်း။ **ဦးသန်းထိုက်**

အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၃)။ Grade-4(B) တွင် ပညာသင်ကြားနေသော အဘ ဦးပြည့်ဖြိုး ခိုင်၏သမီး မသွန်းရတီစံအား မခေတ်သွန်းလျှံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခေတ်သွန်းလျှံ**

ပျောက်ဆုံးကြောင်း
ခြူးမြတ်မိုး(ဘ)ဦးမောင်မိုး ၁၀/ရမန(နိုင်) ၂၁၃၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၇၁၉၃၃၂၅**

ပျောက်ဆုံးကြောင်း
မင်းကိုကို(ဘ)ဦးသန့်ဇင် ၁၂/လမန(နိုင်) ၁၅၃၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း
၀င်းနောင်စိုး(ဘ)ဦးစံးငွေ ၃/ဘအန(နိုင်) ၂၆၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 645612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း
ဖျိုးချစ်ထွန်း(ဘ)ဦးဇော်မင်းနိုင် ၈/၀၀န (နိုင်)၁၃၀၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 411429)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၅၆၆၇၉၀**

ပျောက်ဆုံးကြောင်း
ဇွန်ဇာနွင်းဆက်(ဘ)ဦးဆန်းထွေး ၁၂/မဂဒ (နိုင်)၁၇၀၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၉၂၀၀၁၇၂**

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ဒေါက်ရပ်)ကျောင်း၊ Grade-6 မှ မမြမြ၀င်း၏ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ၁၀/ဘလန(နိုင်)၀၉၂၄၈၇ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်**

ပျောက်ဆုံးကြောင်း
ရော်ရှိဒါခါတူ(ဘ)နုရာအာမော ၁၁/မတန (ပြု)၀၀၅၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၇၈၃၄၂၅၂၇၃**

ပျောက်ဆုံးကြောင်း
စောဦး(ဘ)ချန်ကိတ်(ခ)တင်ဝင်း ၁၂/ဒုကတ (နိုင်)၁၄၀၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၀၈၅၁၁၆၈**

အမည်ပြောင်း
ကျိုင်းတုံမြို့နယ်၊ အ.လ.က-၆ ကျိုင်းတုံ Grade-3 မှ အဘ ဦးအားမန်ယဉ် ၁၃/ကတန(နိုင်)၁၄၆၂၅၅ ၏သား မောင်စည်သူအား မောင်ပိုင်ငြိမ်းချမ်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပိုင်ငြိမ်းချမ်း**

ပျောက်ဆုံးကြောင်း
ကျိုင်းတုံမြို့နယ်၊ အ.လ.က ဟွေခါးကျောင်း Grade-6 မှ မောင်သိန်းသန်းအောင်နှင့် Grade-8 မှ မယွန်းရွှေနဒီတို့၏မိခင်အမည်မှန်မှာ ဒေါ်ဇာခြည်ဦး ၁၃/ကတန(နိုင်)၂၁၅၈၈၇ ဖြစ်ပါကြောင်း။ **ဒေါ်ဇာခြည်ဦး**

ပျောက်ဆုံးကြောင်း
ကိုကိုနိုင်(ဘ)ဦးလှတင် ၁၂/အလန(နိုင်) ၀၄၃၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၂၂၄၂၄၁**

ပျောက်ဆုံးကြောင်း
သန္တာမိုး(ဘ)ဦး၀မ်းမောင် ၈/မထန(နိုင်) ၀၇၆၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၃၀၂၈၂၄၂၄**

ပျောက်ဆုံးကြောင်း
သိန်းဖေ(ဘ)ဦးထွန်းအေး ၁၁/တကန(နိုင်) ၀၀၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၇၉၆၃၁၂**

ပျောက်ဆုံးကြောင်း
ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးဖြစ်ပါကြောင်း။ **မခေတ်သွန်းလျှံ**

ပျောက်ဆုံးကြောင်း
ပြည်ဩော်(ဘ)ဦးညွှန့်လင်း ၉/မကန (နိုင်)၁၀၈၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က၊ ဒေါက်ရပ်ကျောင်း၊ Grade-2 မှ ခွန်သန့်ဇင်ဖြိုးနှင့် Grade-7 မှ မနှင်းလွဲလွဲဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးလဝိ ၁၀/ဘလန(နိုင်)၁၄၉၈၄၄ ဖြစ်ပါကြောင်း။ **ဦးလဝိ**

ဖခင်အမည်မှန်
ကျိုက်မရောမြို့နယ်၊ အ.ထ.က ပိန်နဲကုန်းရွာ၊ Grade-8 မှ ကျောင်း၀င်အမှတ်-၁၁၉၀ မလဝန်းချို၏အမည်မှန်မှာ မလပြည့်၀င်း ၁၀/ကမရ(နိုင်)၂၂၆၀၈၅ ဖြစ်ပါကြောင်း။ **မလပြည့်၀င်း**

ဖခင်အမည်မှန်
ကျိုက်မရောမြို့နယ်၊ အ.ထ.က ပိန်နဲကုန်းရွာ၊ Grade-6 မှ ကျောင်း၀င်အမှတ်-၀၂၄၅ မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြမိုး ၁၀/ကမရ(နိုင်)၀၉၀၅၉၄ ဖြစ်ပါကြောင်း။ **ဦးမြမိုး**

ပျောက်ဆုံးကြောင်း
ကျော်ကျော်နိုင်(ဘ)ဦးကျော်ဌေးသိန်း ၁၂/အစန(နိုင်)၁၅၃၃၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၇၀၆၄၃၃**

ပျောက်ဆုံးကြောင်း
ရာဇာ(ဘ)ဦးကျော်လွင် ၅/ကလထ(နိုင်) ၂၀၇၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၀၈၅၁၁၆၈**

ပျောက်ဆုံးကြောင်း
နော်မေချစ်သဲ(ဘ)ဦးအောင်မြင့် ၁၂/ဒုကမ (နိုင်)၂၄၈၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၂၆၀၃၃၇**

ပျောက်ဆုံးကြောင်း
ဆရာလီလီ(ဘ)ဦးမောင်ဝင်း ၁၄/လပတ (နိုင်)၁၂၅၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၇၀၆၄၃၃**

ပျောက်ဆုံးကြောင်း
ကိုကိုဝင်း(ဘ)ဦးမြင့်ဝင်း ၁၂/ဒုကမ (နိုင်)၁၄၆၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆**

STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom	KHA YAE PIN MART	STARMART Mandalay Wholesale	STARMART Nay Pyi Taw
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀	မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅	၂၆ လမ်းနှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄	ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh





နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဇ္ဈိမသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်မြို့ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ဇင်္ဂမုန်းသူ
09-254781060



➢ မန္တလေးစခြစိုက်
09-426500153



➢ စတော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Internet & Mobile Banking Services

- ✔ Account Transfer
- ✔ Mobile Topup (Phone Bill)
- ✔ Cardless ATM Withdrawl
- ✔ Remittance
- ✔ Credit Card Payment
- ✔ Tax Payment

"စိတ်ချရတာ မြဝတီဘဏ်"





MPU UnionPay

24 ~ (01) 2301421, 2317166

Phone No : (01) 2301367, 2301368, 2301452, 2301378

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ယခုနှစ်တွင် အယ်လ်နီညိုပေါ်ပေါက်ရန် ဖြစ်နိုင်ခြေမြင့်မားနေသည့်အတွက် ၂၀၂၆ နှစ်လယ်ပိုင်းမှ ၂၀၂၇ နှစ်လယ်ပိုင်းအထိ အပူဒဏ်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သဖြင့် ယင်းကိုကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်



နေပြည်တော် ဇွန် ၉


အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၅ ကော်လံ ၁ ○**

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။

တပ်မတော်စစ်ကြောင်းများက မုံရွာ - စစ်ကိုင်းနှင့် ချောင်းဦး-ရေစကြို ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ငါးလုံးတင်ကျေးရွာအား စစ်စခန်းအဖြစ်အသုံးပြုကာ အခြေပြုနေသော PDF အမည်ခံအကြမ်းဖက်သမားများအား အပြီးတိုင်တိုက်ခိုက်ချေမှုန်း

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်စခန်းတည်ဆောက်ကာ နေထိုင်လျက်ရှိသော ငါးလုံးတင်ကျေးရွာရှိ PDF အမည်ခံအကြမ်းဖက်သမားများအား အပြီးတိုင်တိုက်ခိုက်ချေမှုန်း



နေပြည်တော် ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၏ တောင်ဘက်၊ ချောင်းဦး- ရေစကြိုသွားကားလမ်းဘေးရှိ ငါးလုံးတင်ကျေးရွာအတွင်းသို့ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ ပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို စစ်စခန်းအဖြစ် အသုံးပြုပြီး အခြေပြုကာ အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချကာ မုံရွာ-စစ်ကိုင်းနှင့် ချောင်းဦး-ရေစကြိုဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ငန်းများကို **စာမျက်နှာ ၂၇ ကော်လံ ၁ ▲**

မိုးရွာသွန်းခြင်းနှင့်အတူလေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူလေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

ကမ်းနီး / ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတု ခိုလှုံရာနေရာသတ်မှတ်ခြင်း စာ- ၁၄ သို့

နိုင်ငံတကာသတင်း

ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်မှုကြောင့် သေဆုံးသူ ၄၁ ဦးအထိရှိလာ စာ -၂၅ သို့

တရုတ်က ဝက်အသည်းနှင့်ကျောက်ကပ်တစ်စုံကို လူသားတွင် ပထမဆုံးအစားထိုးမှုပြုလုပ် စာ - ၂၅ သို့

ရှေကုက္ကိုလ်နယ်မြေအတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

စာ - ၂၇ သို့